ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ်မှ စတင်ထုတ်ဝေသည်
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့၊ (27-7-2014) (၇၉၁၄)

## ဒေါသကို မေတ္တာဖြင့် ဖြေသိမ့်

ဒေါသကို သူယုတ်တို့ မှီဝဲ၏။
မေတ္တာကို သူတော်ကောင်းတို့ မှီဝဲ၏။
မေတ္တာသည် အရှုံးပေးခြင်း မဟုတ်။
ဒေါသသည်သာ ဆုံးရှုံးခြင်းဖြစ်၏။
ဒေါသဟူသည် ထွက်စရှိလျှင် ထွက်ချင်၏။
မေတ္တာဖြင့် ဖြေသိမ့်နှိပ်ကွပ်ဖန်များလျှင်
ဒေါသသည် အပိုးသေ၍လာ၏။
ခြံခုန်တတ်သောနွားကို နှိပ်ကွပ်ဖန်များလျှင်
ခြံမခုန်တော့သကဲ့သို့ ဖြစ်၏။

ဒေါသကထာ၊ မောင်းထောင်ဆရာတော်

### ယနေ့ မာတိကာ

The New Light of Myanmar သတင်းစာအား အကျိုးတူပူးပေါင်း၍ The Global New Light of Myanmarအမည်ဖြင့် စက်တင်ဘာ ၁ ရက်တွင် ထုတ်ဝေမည်

စာမျက်နှာ - ၇

နတ်မောက်မြို့နယ် လေးအိမ်ဘူတာတွင် RBE အမြန်ရထား ရပ်စေချင်

စာမျက်နှာ - ၁၁

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းထုတ်ပြန်

စာမျက်နှာ - ၁၅

## သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အောက် ရောက်ရှိနေ

**နေပြည်တော် ဇူလိုင် ၂၆** ။ ။ ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅၄ စင်တီမီတာ (၁ ဒသမ ၈ ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၂၆**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးပြီး အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ခရေပင်နှင့် ကံ့ကော်ပင်များကို ဦးဆောင်စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန **စာမျက်နှာ ၃ ကော်လံ ၁ သို့**

# လူတိုင်းကျန်းမာစေဖို့ မကွေးမြို့တွင် အခမဲ့ကျန်းမာရေးစစ်ဆေးပေး

**မကွေး ဇူလိုင် ၂၆**

မကွေးမြို့ ဈေးရပ်ကွက်ရှိ ကရုဏာရှင်များ နာရေးကူညီမှုအသင်း (ဂုဏ်တော‌ကျောင်းဝင်းအတွင်း) LG အီလက်ထရွန်နစ်ကုမ္ပဏီ၏ပံ့ပိုးမှုဖြင့် SNUH(SEOUL NATIONAL UNIVERSITY) မှဆရာဝန်များက အခမဲ့ဆေးစစ်ဆေးပေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီမှစတင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါအစီ အစဉ်အရ အခမဲ့လာရောက်ဆေးစစ်သော လူကြီးလူငယ်များအတွက် နာမည်ကြီးဟာသသရုပ်ဆောင် ကိုကျော်ထူးနှင့် ကိုစိုပြေတို့က ဟာသအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ပေးခြင်း၊ ပျော်ရွှင်ဖွယ်ရာဂိမ်းကစားနည်းများ၊ အမှတ်တရလက်ဆောင် ပစ္စည်းများပေးခြင်း၊ ကံစမ်းမဲဖောက် ပေးမည့် အပြင်အခြားစိတ်ဝင်စားဖွယ် (အခမဲ့) အစီအစဉ်များစွာလည်း ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမဲ့ဆေးစစ်ဆေးပေးခြင်းကို မကွေးမြို့တွင် ဇူလိုင် ၂၆ ရက်မှ ၂၇ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ကျန်းမာရေးဆေးစစ်ဆေးပေးခြင်းကို **စာမျက်နှာ ၃ ကော်လံ ၁ သို့**






ကြေးမုံစာတည်းရှုထောင့် — ၂၇-၇-၂၀၁၄၊ တနင်္ဂနွေနေ့

# လမ်းဥပဒေကို လေးစားလိုက်နာ

လမ်းဟူသမျှ အများပြည်သူတို့ သွားလာမှုလွယ်ကူချောမွေ့စေရန်အတွက် ဖောက်လုပ်ပေးထားခြင်း ဖြစ်သည်။ လမ်းဟူသမျှ သူ့လမ်းနှင့်သူ လမ်းစည်းကမ်းများရှိသည်။ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်းစသည့် လမ်းတိုင်းလမ်းတိုင်း လမ်းအတိုင်းအတာနှင့် လမ်းစည်းကမ်းဥပဒေများ သတ်မှတ်ထားသည်။

ထိုလမ်းများ အရှည်တည်တံ့စေရေး၊ သွားလာမှုလွယ်ကူစေရေးအတွက် သက်ဆိုင်ရာတို့က စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ လမ်းအသုံးပြုသူများ၊ လမ်းနှင့်နီးစပ်ဆက်နွယ်သူများအားလုံးက သတ်မှတ်ထားသော လမ်းစည်းကမ်း၊ လမ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သင့်ပါသည်။

လမ်းအမျိုးမျိုးရှိသည့်အနက် အဝေးပြေးလမ်းမကြီးများ၊ အမြန်လမ်းမကြီးများမှာ မဟာဗျူဟာကျသော လမ်းမကြီးများဖြစ်၍ ပြဋ္ဌာန်းထားသော လမ်းမကြီးများဥပဒေတို့ကို တိကျစွာလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့သော် ထိုလမ်းနယ်ဝန်းကျင်တွင် ကျင်လည်ရပ်တည်နေသူများအဖို့ အဆိုပါလမ်းဥပဒေများကို သိရှိနားလည်သူ နည်းပါးလိမ့်မည်ဟု ယူဆပါသည်။

ထို့ကြောင့် မသိနားမလည်၍ဖြစ်စေ၊ သိနားလည်သော်လည်း ပေါ့ပေါ့ဆဆနေထိုင်မိကြ၍ဖြစ်စေ လမ်းဥပဒေများကို မချိုးဖောက်မိကြဖို့ အထူးလိုအပ်ပေသည်။ မျက်မှောက်ကာလတွင် လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခွင့်များ ရရှိလာကြသောအခါ သတ်မှတ်ထားသော လမ်းဥပဒေများနှင့်ညီစွန်းသော အပြုအမူများကို မြင်တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် နိုင်ငံတစ်ဝန်းရှိအဝေးပြေးလမ်းမကြီးများအနက် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းကြီးများတွင် မြင်တွေ့နိုင်ပေသည်။ ထိုလမ်းမကြီးများ မပျက်စီးစေရေးတွင် လမ်းပေါ်တွင် မောင်းနှင်ကြသော ယာဉ်အမျိုးမျိုးနှင့် သက်ဆိုင်ပေသည်။ ထိုယာဉ်များတွင် လမ်းခံနိုင်ရည်ထက် ကျော်လွန်သောတန်ပိုယာဉ်များ၊ ကျေးလက်သုံးလှည်းများလည်း ပါဝင်ပါသည်။ အဆိုပါလမ်းပေါ်တွင် လုပ်ငန်းခွင်သုံး ကျောက်တင်ယာဉ်များကိုလည်း အထူးသတိပြုရပေမည်။ ထိုယာဉ်များမှ လွင့်စဉ်ကျသော ကျောက်ခဲအစအနများသည် လမ်းကိုပျက်စီးနိုင်စေသလို ယာဉ်များအတွက်လည်း အန္တရာယ်ရှိနိုင်ပေသည်။

စီမံကိန်းဖြင့် ဆောင်ရွက်ထားသော အဆိုပါလမ်းမကြီးများသည် သံဘီးတပ် ကျွဲ၊ နွား၊ လှည်းများ မောင်းနှင်မှုကြောင့် သက်တမ်းမပြည့်မီပျက်စီးရသည်ဟု ဆိုထားသည်။ ကျေးလက်နေပြည်သူများအဖို့ ထိုလမ်းမကြီးများပေါ်တွင် မဖြစ်မနေဖြတ်သန်းသွားလာရမည်ဆိုပါကလည်း လှည်းဘီးများတွင် ကားတာယာခွေများ ပြောင်းလဲတပ်ဆင်အသုံးပြုသင့်ပေသည်။

လမ်းတည်ဆောက်သည့် စီမံကိန်းတွင် လမ်း၊ လမ်းပခုံး၊ လမ်းရေမြောင်း၊ လှည်းလမ်းအပါအဝင် လမ်းနယ်များပါ သတ်မှတ်ပြဋ္ဌာန်းထားပေသည်။ လမ်းအနီးပတ်ဝန်းကျင်တွင် နေထိုင်လုပ်ကိုင်သူများအဖို့ လမ်းနယ်ကို သတိပြုမိကြဖို့လိုမည်ဖြစ်သည်။ လမ်းနယ်အဆုံးတွင်သာ ခွင့်ပြုသတ်မှတ်ထားသော အဆောက်အအုံ၊ သစ်ပင်များကို စိုက်ပျိုးသင့်ပါသည်။

ယခုအခါ လမ်းမကြီးများဥပဒေကို ပြဋ္ဌာန်းထုတ်ပြန်ထားပြီး ထိုလမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ထိုဥပဒေအရ လမ်းမကြီးများပေါ်တွင် သတ်မှတ်ချက်နှင့်အညီ လမ်းအသုံးပြုခြင်းနှင့် လမ်းမကြီးများနယ်နိမိတ်အတွင်း သတ်မှတ်ထားသော စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်းတို့ကိုပြုကြရမည်ဖြစ်သည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူခံရနိုင်သည်ကို သတိပြုရပေမည်။

သို့ဖြစ်ရာ လမ်းမကြီးများနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေတို့ကို သိရှိနားလည်လိုက်နာဆောင်ရွက်တတ်စေရန်အတွက် သက်ဆိုင်ရာနယ်မြေဒေသအလိုက် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းပါဝင်အသိပညာပေးခြင်း၊ ကြီးကြပ်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နေမည်ဖြစ်ရာ လမ်းမကြီးများနှင့်ပတ်သက်သည့် ပြည်သူများကလည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ ဥပဒေများနှင့်အညီ လိုက်နာပြုမူဆောင်ရွက်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ ။

## သဲကုန်းမြို့နယ်မှ လေ့လာရေးအဖွဲ့များ နေပြည်တော်ရှိ စိုက်ခင်းများလေ့လာ

**နေပြည်တော် ဇူလိုင် ၂၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့်အတူ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်မှ လေ့လာရေးအဖွဲ့အား ဇူလိုင် ၂၅ ရက် နံနက် ၇ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ ဧက ၄၄၀ ပုလဲသွယ်စပ်မျိုးစပါး ပျိုးခင်းစိုက်ပျိုးနေမှု၊ ဆန်ဖြူကြိတ်စက် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ခေတ်မီဆန်စက်အစိတ်အပိုင်းများ၊ စက်ရုံအတွင်း ကွန်ကရစ်ပတ်လမ်းဖောက်လုပ်ထားမှုနှင့် စက်ရုံအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုများကို လေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ်ရှိ လယ်ယာသုံး စက်ကိရိယာများ ဝန်ဆောင်မှုပြခန်း၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီးများနှင့် ဘက်စုံသုံး လက်တွန်းထွန်စက်ကြီးများ၊ ပိန်းဥနှင့် နေကြာသီးနှံ ရောနှောစိုက်ခင်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့တို့သည် ဥတ္တရသီရိမြို့နယ် ဧက ၉၀၀ တောင်သူပညာပေးစိုက်ကွင်းရှိ ပိန်းဥစိုက်ခင်းများနှင့် နာနတ်သီးစိုက်ခင်း၊ ကညွတ်သီးနှံနှင့် စပ်မျိုးခရမ်းသီးစိုက်ခင်း၊ ကန်စွန်းဥနီစိုက်ခင်းနှင့် နွေနှမ်းသီးနှံစိုက်ခင်း၊ စင်တင်ဘူးသီးနှံစိုက်ခင်း၊ ရွှေတောင် (၈)နှင့် ငွေချည်(၉)ချည်မျှင်ရှည်ဝါ သီးနှံစိုက်ခင်းနှင့် ကြံစိုက်ခင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံခေတ်မီအအေးခန်းစနစ် အရောင်းပြခန်းသို့ သွားရောက်ပြီး နာနတ်သီး၊ ကွဲကောသီး၊ သရက်သီး၊ နဂါးမောက်သီး၊ သဘော်သီး၊ ဖရဲသီး၊ ခရမ်းသီး၊ ဘူးသီး၊ ကြက်ဟင်းခါးသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ရခါးသီး၊ ရုံးပတီသီး၊ စပ်မျိုးခရမ်းသီး၊ ရွှေဖရုံသီး၊ ကညွတ်သီးနှံ၊ စပ်မျိုးငရုတ်ချိုသီး၊ စပ်မျိုးငရုတ်ရှည်သီးများကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးက လေ့လာရေးအဖွဲ့အား တွေ့ဆုံဆွေးနွေးမှာကြားရာ၌ ဆန်စပါးအပါအဝင် သီးနှံအမယ်အလိုက် ခိုင်မာသောဈေးကွက်ရှိရန် လိုအပ်ချက်ကို ဒေသအလိုက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသောသီးနှံများကို ဈေးကောင်းကောင်းဖြင့် တင်ပို့ရောင်းချနိုင်ရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်ကြီးများ အသုံးပြုခြင်းအပါအဝင် ခေတ်မီအအေးခန်းကားစနစ်၊ ခေတ်မီအအေးခန်း သိုလှောင်ရုံစနစ်၊ ခေတ်မီကြိတ်ခွဲသည့်စနစ်တို့ကို ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံလာရေးအတွက် ဆောင်ရွက်ကြရန် လိုအပ်နေကြောင်း။

၎င်းလေ့လာရေးခရီးစဉ်မှ ရရှိသည့် အတွေ့အကြုံ၊ အကြံဉာဏ်များကို ဒေသအလိုက် လက်တွေ့ပြန်လည်အသုံးချကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သတင်းထောက်များ မွမ်းမံသင်တန်းဖွင့်မည်

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် သတင်းရေးသားနေကြသော သတင်းထောက်များ လုပ်ငန်းအဆင်ပြေချောမွေ့စေရေးအတွက် သတင်းထောက်များ မွမ်းမံသင်တန်းကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ သတင်းထောက်များအား ဩဂုတ် ၂ ရက်နှင့် ၃ ရက်နေ့များတွင် မော်လမြိုင်မြို့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ သတင်းထောက်များအား ဩဂုတ် ၄ ရက်၊ ၅ ရက်၊ ၆ ရက်နေ့များတွင် ရန်ကုန်မြို့တွင်လည်းကောင်း သင်တန်းပြုလုပ်မည်ဖြစ်ရာ တက်ရောက်လိုသော သတင်းထောက်များအနေဖြင့် ဖုန်း-၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၂၄ နှင့် ၀၁-၂၉၂၈၃၂ တို့သို့ ဆက်သွယ်နိုင်ပါသည်။ **(ကြေးမုံ)**

## အိမ်သုံးလျှပ်စစ်ပစ္စည်းများ ဟားခါးမြို့တွင် အရောင်းသွက်

**ဟားခါး ဇူလိုင် ၂၆**

လျှပ်စစ်ပစ္စည်းများဖြစ်သော ထမင်းပေါင်းအိုး၊ ရေတင်မော်တာ၊ တီဗွီအပေါ်စက်၊ အောက်စက်၊ လျှပ်စစ်မီးကြိုးခွေ၊ မီးခလုတ်၊ မီးသီးနှင့် ဖန်ချောင်းများ အရောင်းသွက်လျက်ရှိကြောင်း ဟားခါးမြို့ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်ထံမှ သိရသည်။

"လျှပ်စစ်မီးလေးရတော့ ပေါင်းအိုးလေးနဲ့ ထမင်းချက်လို့ရတယ်၊ ဒယ်နီလေးနဲ့ အကြော်အလှော်တွေကြော်လို့ရတယ်၊ အလင်းရောင်အတွက်တော့ မစဉ်းစားနဲ့တော့၊ အားလုံးအဆင်ပြေတယ်၊ အေးတဲ့ရာသီဆို ရေနွေးကို သီးသန့်တည်နေစရာမလိုတော့ဘူး၊ လိုချင်တဲ့အချိန်အားလုံး အသင့်ပဲ"ဟု ဟားခါးမြို့ ဒေသခံ ဦးမန်းက ပြောသည်။

"ဟားခါးမြို့ဆိုတာက တောင်ပေါ်မြို့လေ၊ လိုချင်တဲ့ပစ္စည်းကို မြေပြန့်က မှာရတယ်၊ ယခုတလော လျှပ်စစ်ပစ္စည်းတွေ အမှာများနေတယ်၊ ဟားခါးမြို့က ၂၄ နာရီ လျှပ်စစ်မီးကို ဂန့်ဂေါကနေပြီး သွယ်တန်းတာ၊ ဇူလိုင်ပထမပတ်အတွင်းကနေပြီးတော့ ဟားခါးမြို့ကိုရောက်ပြီး ၂၄ နာရီ လျှပ်စစ်မီးရဖို့ အားလုံးအဆင်ပြေသွားပြီလေ၊ တချို့ အိန္ဒိယပစ္စည်းကို လိုချင်တဲ့သူတွေကလည်း ရိဒ်နယ်စပ်ကနေ မှာကြတာတွေလည်းရှိတယ်၊ ကလေး၊ မန္တလေးကနေလည်း မှာကြတာတွေရှိတယ်"ဟု ဟားခါးမြို့ လျှပ်စစ်ပစ္စည်းဆိုင်ထံမှ သိရသည်။

**(လင်းလက်ကြယ်စင်)**



## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့် ၆ စီမံချက်အရ အသက်(၁၀)နှစ်ပြည့်နှင့် အသက်(၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ONE STOP SERVICE စနစ်ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းအား ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက အောင်ဇမ္ဗူရပ်ကွက် နယ်မြေ ၁၀ ရှိ မင်္ဂလာရာမိက ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးမိုးဇာခုပ်နှင့် ဝန်ထမ်းများ၊ အောင်ဇမ္ဗူရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်နှင့် ဆယ်အိမ်စုမှူး ဦးလှမြင့်တို့က ရပ်ကွက်အတွင်းရှိ အသက်(၁၀)နှစ်ပြည့်ပြီးသူနှင့် အသက်(၁၈)နှစ်ပြည့်ပြီးသူများအား ONE STOP SERVICE စနစ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(ကိုကိုရှုပ)**



## ပြည်တွင်းရေးရာ

**❒ ရွှေဖုံးမှ**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၁၄ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကုက္ကိုပင်၊ ပိတောက်ပင်၊ ခရေပင်၊ စိန်ပန်းကြီးပင်၊ မဲဇလီပင်၊ ရေတမာပင်၊ ငုရွှေဝါပင်၊ သစ်ဆိမ့်ပင်၊ ကေရာဇ်ပင်၊ ကံ့ကော်ပင်နှင့် အော်ရီးရှားပင် စုစုပေါင်း အပင် ၅၀၀၀ တို့အား စိုက်ပျိုးပေးခဲ့သည်။ ရေဆင်းဆည်ပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၁ခုနှစ်မှစတင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများဖြင့် နှစ်စဉ်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သရက်၊ မန်ကျည်း၊ ပိန္နဲ၊ တမာ၊ သစ်ဆိမ့်၊ မဲဇလီ၊ ကုက္ကို၊ ငုဝါ၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ ကေရာဇ်ပင်နှင့် အော်ရီးရှားပင် စသည့်စိုက်ပျိုးပင် စုစုပေါင်း အပင် ၅၄၂၅၇ ပင် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ခရေပင်ကို စိုက်ပျိုးပေးစဉ်။** (မြဝတီ)

# ကယားပြည်နယ်ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်းလမ်းနှင့် ပင်လောင်း-လွိုင်ကော်လမ်း လိန်းလီ ကြိုးတံတား ကြံ့ခိုင်မှုကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးချစ်လှနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အရာထမ်းများ စွမ်းရည်မြှင့်တင်မှုသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၂၆**

နိုင်ငံတော်၏ ဒီမိုကရေစီထူထောင်ရေးလုပ်ငန်းစဉ်များတွင် အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့်တာဝန်နှင့် ပြည်သူများ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များအား ဖြည့်ဆည်းပေးရမည့် တာဝန်ကို တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) အဖြစ် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ရန် ယခုကဲ့သို့ စွမ်းရည်မြှင့်သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းနှင့် ပြည်သူဗဟိုပြု (People Center) လုပ်ငန်းစဉ်များ ယခုထက်ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ဇူလိုင် ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) အရာထမ်းများ စွမ်းရည်မြှင့်တင်မှု သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်က ပြောကြားခဲ့သည်။

ဆက်လက်၍ ဗဟိုဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (MDRI) မှ ညွှန်ကြားရေးမှူး ဦးတင်မောင်သန်းက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းဒေသကြီး လွှတ်တော်ရုံးနှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများ၊ ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးများနှင့်တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်မှ အရာထမ်းသင်တန်းသား သင်တန်းသူ ၉၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သီသီမင်း)**

# ကျောင်းသွားကျောင်းပြန်အချိန်တွင် မြို့လယ်လမ်းတွင် ဆိုင်ကယ်စီးသူများ အန္တရာယ်ကင်းစွာမောင်းနှင်သင့်

**စဉ့်ကိုင် ဇူလိုင် ၂၆**

စဉ့်ကိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် တက်ရောက်သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ ကျောင်းသွားကျောင်းပြန်အချိန်တွင် မြို့လယ်လမ်းမကြီးကို အဓိကထား သွားလာလျက်ရှိသောကြောင့် ဆိုင်ကယ်၊ ကား စီးနင်းမောင်းနှင်သူများအနေဖြင့် အန္တရာယ်ကင်းရှင်းစေရန်အတွက် ဖြည်းညင်းစွာ မောင်းနှင်ရန် ကျောင်းသားမိဘများက လိုလားလျက်ရှိကြောင်း သိရသည်။

စဉ့်ကိုင်အထကတွင် ကျောင်းတက်နေသော ကျောင်းသား ကျောင်းသူများသည် စက်ဘီးကိုသာ အားကိုးပြီး **(အောက်ပုံ)**ကျောင်းတက်နေရခြင်းနှင့် ကျောင်းသား ကျောင်းသူများသည် ငယ်ရွယ်လွန်းသဖြင့် ယာဉ်အန္တရာယ် စိုးရိမ်ရမှုကို "ကျောင်းဆင်းကျောင်းတက်ချိန်တွေဆို ကျောင်းသားတွေ၊ လမ်းအသုံးပြုသူတွေနဲ့ လမ်းကရှုပ်နေတယ်၊ ကျောင်းသားတွေက ငယ်ငယ်လေးတွေရယ်၊ စက်ဘီးကို မနိုင်တနိုင်စီးနေရတာ၊ အဲဒီလိုမျိုး အချိန်ဆို လမ်းအသုံးပြုသူ ဆိုင်ကယ်သမားတွေ၊ ကားမောင်းတဲ့သူတွေက ဖြည်းဖြည်းမောင်းဖို့ ကောင်းတယ်၊ တိုက်လိုက်ရင် ကျောင်းသားတွေအတွက် အရမ်းနစ်နာမှာ၊ လမ်းမှာ တာဝန်ရှိသူတွေအနေနဲ့ ကျောင်းဆင်း ကျောင်းတက်ချိန် ဖြည်းဖြည်းမောင်းဖို့ သတိပေးနှိုးဆော်ဆိုင်းဘုတ်တွေ ကပ်ထားသင့်တယ်"ဟု အဆိုပါလမ်းမကြီးဘေးတွင် နေထိုင်သော နေ့စဉ်မြင်တွေ့နေရသူ တစ်ဦး၏ ပြောပြချက်အရ သိရသည်။

ကျောင်းသား ကျောင်းသူများသည် ကျောင်းဆင်းချိန်တွင် အိမ်အမြန်ပြန်ရောက်ရေးကိုသာ အဓိကထားပြီး လမ်းလုံးပြည့်နီးပါး စက်ဘီးနင်းသွားလာလျက် ရှိသောကြောင့် ယာဉ်အန္တရာယ် ဖြစ်မှုများကိုလည်း "ကျွန်တော့်သမီး ဟိုတစ်လောက ဆိုင်ကယ်သမားနဲ့ ကပ်ချိတ်သွားတာ၊ အိမ်ပြန်ရောက်တော့ လက်တွေ ခြေတွေ ပွန်းနေတာ၊ တော်သေးတယ် အများကြီးမဖြစ်လို့၊ ကလေးကငယ်တော့ ဘာမှမပြောရဲဘူး၊ ကလေးကပဲမှားသလား၊ ဆိုင်ကယ်သမားကပဲမှားသလားဆိုတာတော့ ကျွန်တော်လည်း မသိဘူး၊ ကျွန်တော်ကတော့ ကျောင်းသွားရင် ဘေးကနေကပ်စီးဖို့ အမြဲမှာနေရတာ"ဟု ကျောင်းသားမိဘတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



**❂ မကွေးမြို့မှ**

ကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပြီး အဆိုပါအခမဲ့ ကျန်းမာရေးစစ်ဆေးရေးအစီအစဉ်တွင် လူဦးရေကန့်သတ်ထားမှုရှိသဖြင့် အခမဲ့ဆေးစစ်ဆေးပေးခြင်းပြုလုပ်မည့်သူများအနေဖြင့် မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းတွင် စာရင်းပေးသွင်းခြင်းဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# ကွန်ကရစ်လမ်းမြင့်လာမှုကြောင့် ကွန်တိန်နာကားနှင့် လျှပ်စစ်ဓာတ်ကြိုးတိုက်မိမှု ဖြစ်ပေါ်

**ရန်ကုန် ဇူလိုင် ၂၆**

အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ကတ္တရာလမ်းမအား ကွန်ကရစ်လမ်းသို့ ပြင်ဆင်လိုက်ရာမှ လမ်းများမြင့်လာသည့်အတွက် ကွန်တိန်နာကားများနှင့် မလွတ်ဘဲ **(ယာပုံ)** လျှပ်စစ်ဓာတ်ကြိုး ပြတ်ကျမှုများ မကြာခဏဖြစ်ပေါ်နေသည့်အတွက် လမ်းသွားလမ်းလာများနှင့် ခရီးသွားပြည်သူများ တစ်ချိန်ချိန်တွင် အန္တရာယ်ရှိလာနိုင်ကြောင်း အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

"ကွန်တိန်နာကားတွေ ဖြတ်သွားတဲ့အခါ လမ်းကမြင့်နေတဲ့အတွက် လျှပ်စစ်ဓာတ်ကြိုးက ကွန်တိန်နာကားနဲ့မလွတ်ဘဲ ငြိပြီး ပြတ်ကျတာတွေ မကြာခဏဖြစ်ပေါ်နေတဲ့အတွက် လမ်းသွားလမ်းလာတွေ တစ်ချိန်ချိန်မှာ အန္တရာယ်ရှိလာနိုင်ပါတယ်။ ကံကောင်းနေတာက လမ်းသွားလမ်းလာပြည်သူတွေအပေါ် ပြတ်မကျသေးတဲ့အတွက် ဘာမှမဖြစ်သေးဘူး။ တကယ်လို့ကျခဲ့ရင် ထိခိုက်မှုက သေချာပေါက်ရှိမှာပဲ။ ဒီလိုကိစ္စရပ်တွေကို တာဝန်ရှိတဲ့ လျှပ်စစ်ဌာနအနေနဲ့ ကွင်းဆင်းစစ်ဆေးပြီး ဘယ်လိုလုပ်သင့်တယ်ဆိုတာ စီစဉ်ပေးစေချင်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်ကြိုးပြတ်ကျမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဇွန်လနှင့် ဇူလိုင်လအတွင်း ကမာရွတ်မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များတွင် လျှပ်စစ်ဓာတ်ကြိုးပြတ်ကျမှုကြောင့် ထိခိုက်မှုများရှိကြောင်း သိရသည်။

**(ကေသိန်းဆွေ)**






# အမေရိကန်သို့ တရားမဝင်ရောက်လာသော ကလေးများကို ပြန်ပို့မည်ဟုဆို

**ဝါရှင်တန် ဇူလိုင် ၂၆**

အမေရိကန်ပြည်ထောင်စု အတွင်းသို့ တရားဝင်နည်းလမ်းဖြင့်ကြေညာ၍ ဝင်ရောက်လာခြင်းမဟုတ်သော ကလေးများကို ၎င်းတို့၏ မူရင်းနိုင်ငံသို့ ပြန်ပို့မည်ဖြစ်ကြောင်း သမ္မတဘာရက်အိုဘားမားက အလယ်ပိုင်းအမေရိကခေါင်းဆောင်များအား ပြောကြားခဲ့သည်ဟု ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

**တွေ့ဆုံ**

အမေရိကန်နိုင်ငံ တောင်ပိုင်းနယ်စပ်၌ ဖြစ်ပွားလျက်ရှိသော ပြဿနာများကိုဖြေရှင်းရန်အတွက် ဂွါတီမာလာ၊ ဟွန်ဒူရပ်(စ်)နှင့် အဲလ်ဆာလ်ဗေဒိုး သမ္မတတို့သည် သမ္မတအိုဘားမားနှင့် အိမ်ဖြူတော်၌ သောကြာနေ့တွင် တွေ့ဆုံခဲ့ကြသည်။

အောက်တိုဘာလမှစ၍ ကလေးအရေအတွက် ၅၀၀၀၀ ကျော်ကို နယ်စပ်၌ဖမ်းဆီးရမိခဲ့သည်။ အများစုမှာ အဖော်မပါကြဟုဆိုသည်။

နောက်ထပ်ကလေးငယ်များ ဤခရီးစဉ်ကို မကြိုးစားစေရန် သက်ဆိုင်ရာနိုင်ငံများက တားဆီးရမည်ဟု အိုဘားမားက ပြောသည်။

အဆိုပါပြဿနာကို ဖြေရှင်းရန်အတွက် ၎င်းတို့အားလုံးတွင် တာဝန်ကိုယ်စီ ရှိကြသည်ကို ၎င်းတို့အားလုံးက အသိအမှတ်ပြုကြောင်း အိုဘားမားက သတင်းထောက်များအား အိမ်ဖြူတော်၌ သောကြာနေ့တွင် ပြောကြားခဲ့သည်။ ထိုသို့ပြောစဉ် ဂွါတီမာလာသမ္မတ အိုတိုပီရက်(ဇ်)မိုလီနာ၊ ဟွန်ဒူရပ်(စ်)သမ္မတ ဂွမ်အိုလန်ဒိုဟာနန်ဒက်(ဇ်)နှင့် အဲလ်ဆာလ်ဗေဒိုး သမ္မတ ဆန်းချက်ဆီရင်တို့က အိုဘားမား၏ဘေးတွင်ရှိနေကြသည်။



အိုဘားမားနှင့် အလယ်ပိုင်းအမေရိကခေါင်းဆောင်များ သတင်းထောက်များနှင့် တွေ့ဆုံစဉ်။

**ကောလာဟလပျံ့**

အမေရိကန်သို့ တရားမဝင်ရောက်လာကြသည့် ကလေးအများစုသည် အလယ်ပိုင်းအမေရိကနိုင်ငံများမှဖြစ်ကြသည်။ ၎င်းတို့၏ နိုင်ငံများ၌ လူဆိုးဂိုဏ်းများ သောင်းကျန်းခြင်း၊ ဆင်းရဲမွဲတေခြင်းနှင့် ကလေးများအနေဖြင့် နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်နိုင်ခဲ့လျှင် နေထိုင်ခွင့်ပြုသည်ဟူသော ကောလာဟလများ ပျံ့နှံ့နေခြင်းတို့က ၎င်းတို့ကို အမေရိကန်ပြည်ထောင်စုသို့ ခိုးဝင်စေခြင်းဖြစ်သည်။

**ရန်ပုံငွေတောင်း**

နယ်စပ်လုံခြုံရေးတင်းကျပ်ရန်၊ ကလေးများကိုထိန်းသိမ်းစောင့်ရှောက်ရန်၊ ရွှေ့ပြောင်းရန်တို့နှင့် လူဝင်မှုကြီးကြပ်ရေး တရားရုံးများအတွက် ရန်ပုံငွေအဖြစ် အိုဘားမားအစိုးရက ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံကို ယခုလစောစောပိုင်းက တောင်းခံခဲ့သည်။

**ဘီဘီစီ။**

# အစ္စရေးနှင့်ဟားမတ်စ် ၁၂ နာရီကြာ အပစ်အခတ်ရပ်စဲ

**ဂါဇာ ဇူလိုင် ၂၆**

အရပ်သားအများစုပါဝင်သော လူပေါင်း ၉၀၀ ကျော်သေဆုံးခဲ့ပြီးဖြစ်သည့် အစ္စရေးနှင့် ပါလက်စတိုင်း တိုက်ပွဲတွင် အပစ်အခတ်ရပ်စဲရေးကို အချိန်ကာလ ပိုမိုကြာမြင့်သော အတိုင်းအတာတစ်ခုထူထောင်ရန် သံတမန်များက ကြိုးစားနေစဉ်မှာ လူသားချင်းထောက်ထားသော ၁၂ နာရီကြာ အပစ်အခတ်ရပ်စဲရေးကို စနေနေ့နံနက်ပိုင်းမှစတင်ကြောင်း စီအန်အန်သတင်းဌာနက ကြေညာသည်။

အပစ်အခတ်ရပ်စဲရေးကို စနေနေ့ နံနက် ၈ နာရီတွင် စတင်ပြီး ယင်းကာလအတွင်းတွင် ပါလက်စတိုင်းတို့သည် ဆေးဝါးနှင့် ဆေးပစ္စည်းများကို ဂါဇာသို့တင်သွင်း၍ ဒဏ်ရာရသူများနှင့် သေဆုံးသူများ၏ ရုပ်အလောင်းတို့ကို ဂါဇာမှထုတ်နိုင်မည်ဖြစ်သည်။

အစ္စရေးတပ်မတော်က အပစ်အခတ်ရပ်စဲရေးကာလအတွင်းတွင် စစ်သွေးကြွများအသုံးပြုသည့် ဥမင်လိုဏ်ခေါင်းများကို ဆက်လက်ရှာဖွေမည်ဖြစ်ကြောင်း၊ အစ္စရေးအရပ်သားများသို့မဟုတ် တပ်ဖွဲ့ဝင်များကို စစ်သွေးကြွများက ပစ်မှတ်ထားလာခဲ့လျှင် အင်အားဖြင့်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုလစောစောပိုင်းက အီဂျစ်နိုင်ငံက ကမကထပြုခဲ့သော အပစ်အခတ်ရပ်စဲရေးမှာ မအောင်မမြင်ဖြစ်ခဲ့ရသည်။

ပါလက်စတိုင်းပါလီမန်အဖွဲ့ဝင် မူစတာဖာဘာဂေါ်တီက ဟားမတ်စ်သည် အပစ်အခတ်ရပ်စဲရေးကိုလိုက်နာမည်ဖြစ် ကြောင်း စီအန်အန်သို့ ပြောကြားခဲ့သည်။

ရက်သတ္တတစ်ပတ်ကြာ လူသားချင်းစာနာသော အပစ်အခတ်ရပ်စဲရေးကို တနင်္ဂနွေနေ့မှ စတင်နိုင်ရေးအတွက် အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား သဘောတူညီချက်မူကြမ်းကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် အခြားသော အမေရိကန်သံတမန်များ ဦးဆောင်ရေးဆွဲနေကြောင်း သံတမန်ရပ်ကွက်က စီအန်အန်သို့ သောကြာနေ့တွင် ပြောကြားခဲ့သည်။

**စီအန်အန်။**



အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ပြားပြားဝပ်သွားသော ဂါဇာအရှေ့ပိုင်းတစ်နေရာကို တွေ့ရစဉ်။



# အစ္စတန်ဘူနှင့် အန်ကာရာမြို့များအကြား မြန်နှုန်းမြင့်ရထား စတင်ပြေးဆွဲ

**အန်ကာရာ ဇူလိုင် ၂၆**

တူရကီနိုင်ငံ မြို့တော်အစ္စတန်ဘူနှင့် အန်ကာရာမြို့အကြားတွင် မြန်နှုန်းမြင့်ရထားစတင်ပြေးဆွဲခြင်း ဖွင့်ပွဲကို ဇူလိုင် ၂၅ရက်က ကျင်းပခဲ့သည်။ ယင်းရထားသစ်များ ပြေးဆွဲနိုင်ခြင်းကြောင့် အဆိုပါမြို့နှစ်မြို့အကြား ယခင်က ခုနစ်နာရီကြာမြင့်ရာမှ ထက်ဝက်ခန့်လျှော့ချနိုင်ခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

**မဲဆွယ်မိန့်ခွန်းပြော**

တူရကီဝန်ကြီးချုပ် ရီဆက်တေရစ်အာဒိုဂန်သည် အန်ကာရာမြို့မှထွက်ခွာလာသော အဆိုပါရထားဖြင့် စီးနင်းလိုက်ပါလာပြီး ၎င်းလမ်းခရီးပေါ်ရှိ မြို့တစ်မြို့တွင် ရွေးကောက်ပွဲမဲဆွယ်မိန့်ခွန်းပြောကြားခဲ့သည်။

ယင်းအမြန်ရထားလမ်းတွင် အမြန်ရထားများသည် တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ကျော်(၁၁၅ မိုင်)အထိ ခုတ်မောင်းနိုင်မည်ဖြစ်သည်။

လာမည့် ဩဂုတ်လတွင် ကျင်းပမည့် တူရကီသမ္မတရွေးကောက်ပွဲတွင် မစ္စတာအာဒိုဂန်က သမ္မတလောင်းတစ်ဦးအဖြစ် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည်ဖြစ်သည်။ တူရကီနိုင်ငံ၏ ပို့ဆောင်ရေးကွန်ရက်တစ်ခုလုံးကို အလုံးစုံပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာအာဒိုဂန်က ကတိပေးထားသည်။

**ဘီဘီစီ။**

# ဝါရှင်တန်ပို့စ်မှ သတင်းထောက်နှင့် ဇနီးအား ထိန်းသိမ်းထားဟု အီရန်တရားဝင် ပြောကြား

**တီဟီရန် ဇူလိုင် ၂၆**

ဝါရှင်တန်ပို့စ်သတင်းစာမှ အမေရိကန်သတင်းထောက်တစ်ဦးနှင့် ၎င်း၏ ဇနီးတို့အား ထိန်းသိမ်းထားကြောင်း အီရန်တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။ အီရန်နှင့် အမေရိကန်နိုင်ငံတို့တွင် နှစ်နိုင်ငံ နိုင်ငံသားအဖြစ်ခံယူထားသူ အသက်(၃၈)နှစ်ရှိ ဂျက်ဆင်ရီကာရီယန်အမည်ရှိ ဝါရှင်တန်ပို့စ်သတင်းစာ သတင်းထောက်နှင့် ၎င်း၏ ဇနီး အီရန်နိုင်ငံသူ ရီဂါနက်တဲလ်ဟီတို့မှာ ဇူလိုင် ၂၂ ရက် ညနေပိုင်းတွင် ထိန်းသိမ်းခံရကြောင်း အဆိုပါသတင်းစာက ပြောကြားသည်။

၎င်းအပြင် အမေရိကန်နိုင်ငံသား အလွတ်သတင်းဓာတ်ပုံသမားနှစ်ဦးမှာလည်း ဖမ်းဆီးခံထားရသည်ဟု သတင်းတွင် ဖော်ပြသည်။ ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း(ဘီဘီစီ) အပါအဝင် အနောက်အုပ်စုမှ သတင်းဆိုင်ရာအဖွဲ့အစည်းများသည် အီရန်တွင် ကြီးမားသောအခက်အခဲများနှင့် လုပ်ငန်းလုပ်ဆောင်နေရပြီး သတင်းများမှာ အီရန်တွင် အကျဉ်းချခံရခြင်းနှင့် စုံစမ်းထောက်လှမ်းမှုများနှင့် ရင်ဆိုင်နေရသည်။

ယခုထိန်းသိမ်းခံရသူ ဝါရှင်တန်ပို့စ် သတင်းထောက်မှာ ကယ်လီဖိုးနီးယားပြည်နယ်မှဖြစ်ပြီး ၂၀၁၂ မှစ၍ အီရန်သို့ ဝါရှင်တန်ပို့စ်သတင်းစာမှ သတင်းထောက်အဖြစ်လာရောက်ခဲ့သူဖြစ်သည်။ ၎င်း၏ အီရန်နိုင်ငံသူဇနီးသည်မှာလည်း ယူအေအီးနိုင်ငံမှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာတစ်စောင်တွင် သတင်းထောက်အဖြစ်လုပ်ကိုင်သူ ဖြစ်သည်။

၎င်းတို့အား ထိန်းသိမ်းထားကြောင်းကို အီရန်နိုင်ငံတရားသူကြီးချုပ်က အတည်ပြုပြောကြားခဲ့ပြီး ၎င်းတို့အား စစ်ဆေးမှုများ ပြုနေကြောင်း၊ သို့သော် မည်သည့်အတွက်ကြောင့် ဖမ်းဆီးရသည်ကိုမူ ပြောကြားခြင်းမရှိဟု အီရန်အစိုးရသတင်းဌာန အာရ်အန်အေသတင်းတွင် ဖော်ပြသည်။

**ဘီဘီစီ။**

# တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ်နှင့် အရှေ့ပိုင်းတက္ကသိုလ် ရထားလမ်းပိုင်း ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် တိုးကြောင်ကလေးဘူတာနှင့် ရွာသာကြီးဘူတာအကြား၌ ဂျပန်နိုင်ငံ JICA အဖွဲ့မှ ဦးဆောင်၍ မြန်မာ့မီးရထားဝန်ထမ်းများနှင့်အတူ ရန်ကုန်-ပဲခူးရထားလမ်းပိုင်းအကြား Pilot Project သတ်မှတ်ပြီး ကျောက်ပါကင်ရိုက်ခြင်း၊ သံလမ်းအဖြောင့်ဆွဲခြင်း လုပ်ငန်းများလေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒဂုံတက္ကသိုလ်ဘူတာသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူအများစုစီးနင်းသည့် ဘူတာဖြစ်၍ စိတ်ချမ်းမြေ့စွာစီးနင်းနိုင်ရန်၊ ဥပဓိရုပ်ကောင်းမွန်သည့် ဘူတာဖြစ်စေရေး အမြဲဆောင်ရွက်ထားရန်နှင့် ရထားများ အချိန်မှန်ကန်မှုရှိစေရန်တို့ကို မှာကြားသည်။

ထို့မှတစ်ဆင့် တိုးကြောင်ကလေး-အရှေ့ပိုင်းတက္ကသိုလ် ဆင်ခြေဖုံးရထားလမ်းပိုင်းတစ်လျှောက်ရှိ ဘူတာများနှင့် ရထားလမ်းကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးပြီး အရှေ့ပိုင်းတက္ကသိုလ်ဘူတာ၌ အရှေ့ပိုင်းတက္ကသိုလ်ဘူတာသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူအများစု အသုံးပြုရာလမ်းကြောင်းဖြစ်သဖြင့် ဥပဓိရုပ်ကောင်းမွန်ပြီး အဆင်ပြေစွာစီးနင်းနိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ရန်ကုန်ဘူတာကြီး၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ဖွင့်လှစ်ထားသော ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် အားလုံးအတွက် ယာဉ်မောင်းလိုင်စင် (ခ၊ ဃ၊ င) သက်တမ်းတိုးခြင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသအသီးသီးသို့ ရထားဖြင့်ထွက်ခွာရန် စောင့်ဆိုင်းနေသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ) (သတင်းစဉ်)**

# တောင်ငူမြို့ ကိုယ်ထူကိုယ်ထ စာကြည့်တိုက်ဖွင့်

**တောင်ငူ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် (၁၁)ရပ်ကွက် ကင်းဆိပ်လမ်းတွင် ကိုယ်ထူကိုယ်ထဆောက်လုပ်ပြီးစီးခဲ့သည့် သွပ်မိုး၊ အုတ်ကာ၊ လေးပင်သုံးပင် ကေတုလင်းရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက်နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်း၊ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းနာယက ဦးကျော်လှ (သမာဓိ)၊ ပင်မအလှူရှင် ဦးမြင့်သူ (နန်းသူဇာပဲလှော်) တို့ကအဖွင့်အမှာစကားပြောကြားကြပြီး စာကြည့်တိုက်မှူး ဦးဇော်ဝင်းက ကျေးဇူးတင်စကားပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ခရိုင်ပြန်/ဆက် ဦးစီးအရာရှိနှင့် ပင်မအလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။**(အောက်ပုံ)**

ဆက်လက်၍ ဖွင့်ပွဲအထိမ်းအမှတ် အလံများကို (၁၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မျိုးက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် ခရိုင်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခိုင်ခိုင်သင်းတို့ကို ပေးအပ်ပြီး ခရိုင်ပြန်ဆက်ရုံးမှ သုတ၊ ရသ စာအုပ်များကို ကေတုလင်းရောင်ခြည်စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ကေတုလင်းရောင်ခြည် စာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၂၁ ပေ၊အမြင့် ၁၅ ပေရှိ တစ်ထပ်တိုက် အဆောက်အအုံဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၄၀ ခန့် ဖြစ်ကြောင်းနှင့် ၎င်းအဆောက်အအုံအတွက် တောင်ငူမြို့ (၁၁) ရပ်ကွက်နေ ဦးမြင့်သူ-ဒေါ်ခင်သန်းဝင်း(နန်းသူဇာ ပဲလှော်)၊ ဦးမျိုးဌေး-ဒေါ်သီသီညွန့် (Ever Green) မိသားစုတို့က မတည်ငွေဖြင့် စုပေါင်းဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်/ဆက်ဦးစီးမှူး၊ ပဲခူးတိုင်းဒေသကြီး သတင်းစာ ဆရာအသင်းနာယက၊ (၁၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ရပ်ကွက်ဖွံ့/ထောက်အဖွဲ့၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ စုံညီစွာ တက်ရောက်ကြသည်။

**(၄၇၂)**



# အလုပ်အကိုင်အခွင့်အလမ်း ဟောပြော

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၂၄ ရက်က ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ခန်းမကျယ်(၁)တွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲက အဖွင့်အမှာစကား ပြောကြားပြီး အိန္ဒိယနိုင်ငံ Pune Institute of Business Management မှ Executive Director မစ္စတာ Roman Preet က "Goals Setting and Achieving" ခေါင်းစဉ်ဖြင့် ဆက်လက်ဟောပြောပို့ချခဲ့သည်။

အဆိုပါဟောပြောပွဲ အခမ်းအနားသို့ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။**(ကြေးမုံ)**














# အင်ဒိုနီးရှားနိုင်ငံ၏ ရွေးကောက်ပွဲအကြောင်း တစေ့တစောင်း

ကိုကိုအောင်

အင်ဒိုနီးရှားနိုင်ငံသည် သမ္မတစနစ်နိုင်ငံဖြစ်ပြီး နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲဖြစ်ပါသည်။ အင်ဒိုနီးရှား နိုင်ငံ၏ ၁၉၅၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးတို့ကို အကန့်အသတ်ဖြင့် အာဏာခွဲဝေထားသော စနစ် ဖြစ်သည်။

၁၉၉၈ ခုနှစ် သမ္မတဆူဟာတိုအစိုးရနောက်ပိုင်းကာလများတွင် Democracy Reform လုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံ ပြင်ဆင်မှုများရှိလာခဲ့ပါသည်။ ယင်းပြင်ဆင်ချက်များတွင် အချုပ်အခြာ အာဏာ (၃)ရပ်လုံး၌ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကဏ္ဍများ ပိုမိုပါဝင်လာသည်ကို တွေ့မြင်ရပါသည်။

## ဥပဒေရေးရာမူဘောင်

Democratic representation နှင့်သက်ဆိုင်သော ဥပဒေရေးရာ မူဘောင်များမှာလည်း ပိုမိုရှုပ်ထွေးပြောင်းမြောင်လာပြီး အောက်ပါဥပဒေများနှင့် အကျုံးဝင်သက်ဆိုင်လျက်ရှိကြောင်း တွေ့ရပါသည်-

- အင်ဒိုနီးရှားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၄၅)
- ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့များဆိုင်ရာ ဥပဒေ ဥပဒေအမှတ် (၁၅/၂၀၁၁)
- ဥပဒေပြုရေးဆိုင်ရာ ရွေးကောက်ပွဲဥပဒေ ဥပဒေအမှတ် (၈/၂၀၁၂)
- သမ္မတရွေးကောက်ပွဲဥပဒေ ဥပဒေအမှတ် (၄၂/၂၀၀၈)
- ဒေသန္တရရွေးကောက်ပွဲဥပဒေ ဥပဒေအမှတ် (၁၂/၂၀၀၈)
- နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေ ဥပဒေအမှတ် (၂/၂၀၁၁)
- House of Representative (DPR), Regional Representative Council (DPD) and Local Parliament (DPRD)

စသည့် လွှတ်တော်များဖွဲ့စည်းမှုဆိုင်ရာ ဥပဒေအမှတ်(၂၇/၂၀၀၉)တို့သည် အဓိကရွေးကောက်ပွဲနှင့်သက်ဆိုင်သော ဥပဒေမူဘောင်များဖြစ်ကြပါသည်။

## ရွေးကောက်ပွဲဖြစ်စဉ်များ

### ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများ

House of Representative (DPR) နှင့် Regional Representative Council (DPD) နှစ်ရပ်ပေါင်းထားသည့် People's Consulative Assembly (MPR) သည် အင်ဒိုနီးရှားနိုင်ငံ၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်း ဖြစ်ပါသည်။ DPR သည် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်ခဲ့ပြီး DPD သည် ၂၀၁၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ ပေါ်ပေါက်ခဲ့သော လွှတ်တော်ဖြစ်ပါသည်။

DPR နှင့် DPD တို့မှ လွှတ်တော်ကိုယ်စားလှယ်များကို ငါးနှစ်သက်တမ်းဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ DPR အတွက် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၅၆၀ ကို Open List Proportional System ဖြင့် မဲဆန္ဒနယ် ၇၇ နယ်မှ ရွေးကောက်တင်မြှောက်ပြီး DPD လွှတ်တော်ကိုယ်စားလှယ် ၁၃၂ ဦးအတွက် ပြည်နယ် ၃၃ ခုမှ ပြည်နယ်တစ်ခုလျှင် လေးဦးစီဖြင့် Single Non-Transferable Vote ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ ထို့အပြင် ပြည်နယ် ၃၃ ခုလုံး၌ Provincial Legislative Assembly (DPRD) တစ်ခုစီရှိပြီး လူဦးရေအနည်းအများအရ လွှတ်တော်ကိုယ်စားလှယ် ၃၅ ဦးမှ ၁၀၀ ခန့်အထိရှိကြောင်း သိရပါသည်။

### သမ္မတရွေးကောက်ပွဲ

အင်ဒိုနီးရှားနိုင်ငံသမ္မတသည် အုပ်ချုပ်ရေးကဏ္ဍ၏ အကြီးအကဲဖြစ်ပြီး သက်တမ်း ငါးနှစ်ဖြင့် နှစ်ကြိမ်အထိ ရွေးကောက်ခံပိုင်ခွင့်ရှိသည်။ နိုင်ငံရေး ပါတီ(သို့မဟုတ်)နိုင်ငံရေးပါတီညွန့်ပေါင်းအဖွဲ့က ဥပဒေပြုလွှတ်တော်ရွေး ကောက်ပွဲတွင် မဲစုစုပေါင်း ၂၅ ရာခိုင်နှုန်းရရှိပါက (သို့မဟုတ်) အောက်လွှတ်တော် (DPR) တွင် ကိုယ်စားလှယ်နေရာ ၂၀ ရာခိုင်နှုန်းရရှိပါက သမ္မတလောင်းနှင့် ဒုတိယသမ္မတလောင်း အမည်စာရင်းတင်သွင်းခွင့်ရှိပါသည်။ အမည်စာရင်းတင်သွင်းရာတွင် သမ္မတလောင်း/ဒုတိယသမ္မတလောင်း နှစ်ဖွဲ့သာရှိပါက တိုက်ရိုက်သမ္မတရွေးကောက်ပွဲပြုလုပ်နိုင်ပြီး နှစ်ဖွဲ့ထက်ပိုပါက Two Round System ဖြင့် မဲနည်းသူကို ဖယ်ထုတ်ကာ သမ္မတရွေးကောက်ပွဲ နှစ်ကြိမ်ပြုလုပ်ရပါသည်။

### ဒေသန္တရရွေးကောက်ပွဲများ

ဒေသန္တရရွေးကောက်ပွဲများသည် ဒေသအလိုက် အုပ်ချုပ်ရေးအာဏာပိုင်များကို ရွေးကောက်ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယပြည်နယ်ဝန်ကြီးချုပ်၊ ခရိုင်(မြို့နယ်) တစ်ခုစီမှ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်စသည့် ရွေးကောက်ပွဲများကို ငါးနှစ် တစ်ကြိမ်ကျင်းပပါသည်။ အစိုးရကိုယ်စား တိုက်ရိုက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများကို ခြောက်နှစ်တစ်ကြိမ် ကျင်းပကြောင်း သိရပါသည်။

### မဲဆန္ဒရှင်စာရင်းနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှု

၂၀၁၀ ပြည့်နှစ် ဧပြီလ သန်းခေါင်စာရင်းအချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေမှာ ၂၃၇ ဒသမ ၅၆ သန်းရှိကြောင်းသိရပါသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက်(၁၇)နှစ်ပြည့်သူများ(သို့မဟုတ်) အိမ်ထောင်ကျပြီးသူများသည် အသက်အရွယ်ကန့်သတ်ချက်မရှိဘဲ မဲပေးခွင့်ရှိပါသည်။ ၂၀၀၉ ခုနှစ်ရွေးကောက်ပွဲတွင် မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်စုစုပေါင်း ၁၇၀ သန်းခန့်ရှိခဲ့ပြီး ယခု ၂၀၁၄ ခုနှစ်ရွေးကောက်ပွဲတွင် မှတ်ပုံတင်ထားသည့် ပြည်တွင်းမဲဆန္ဒရှင် ၁၈၈ ဒသမ ၂၇ သန်းကျော်နှင့် ပြည်ပရောက်မဲဆန္ဒရှင် ၂ ဒသမ ၀၄သန်း စုစုပေါင်း မဲဆန္ဒရှင် ၁၉၀ ဒသမ ၃၁ သန်းခန့်ရှိကြောင်း တွေ့ရပါသည်။

မဲစာရင်းပြုစုရာတွင် အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင် KOMISI PEMILIHAN UMUM (KPU) အနေဖြင့် အထွေထွေရွေးကောက်ပွဲမကျင်းပမီ ၁၆လ အလိုကပေးပို့ထားသည့် ပြည်ထဲရေးဝန်ကြီးဌာန၏ လူဦးရေစာရင်းကို အခြေခံပြုစုခြင်း(သို့မဟုတ်) နောက်ဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲမှအတည်ပြုထားသည့် မဲစာရင်းကို အခြေခံပြုစုခြင်းတို့လုပ်ဆောင်ပါသည်။ သို့ရာတွင် ၎င်းတို့နိုင်ငံတွင်လည်း လူဦးရေစာရင်းမပြည့်စုံမှု၊ ကော်မရှင်ဖွဲ့စည်းမှုနှင့် လူ့စွမ်းအားအရင်းအမြစ် အသုံးချနိုင်မှု ကန့်သတ်ချက်များကြောင့် မဲဆန္ဒရှင်များ နေရပ်လိပ်စာတိကျခြင်းမရှိဘဲ မဲပေးမည့်နေရာသတ်မှတ်နိုင်မှု အားနည်းချက်ရှိကြောင်း လေ့လာသိရှိရပါသည်။

### ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်ဖွဲ့စည်းမှုနှင့် စီမံခန့်ခွဲမှု

အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင် (KPU) သည် အခြေခံဥပဒေအရ သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ပြီး ဥပဒေအမှတ်(၁၅/၂၀၁၁)အရ နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့်ရွေးကောက်ပွဲများကို စီမံခန့်ခွဲဆောင်ရွက်ရပါသည်။ ရွေးကောက်ပွဲကော်မရှင် (KPU) တွင် အဖွဲ့ဝင်စုစုပေါင်း ခုနစ်ဦးရှိပြီး သမ္မတက ငါးနှစ်သက်တမ်းအတွက် ရွေးချယ်ခန့်အပ်ပါသည်။ ယင်းအဖွဲ့ဝင် ခုနစ်ဦးအတွင်းမှ မဲပေးရွေးချယ်၍ ကော်မရှင်ဥက္ကဋ္ဌကို တင်မြှောက်ရပါသည်။ လက်ရှိရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌမှာ Mr. Pak Husni Kamil Manik ဖြစ်ပါသည်။ ကော်မရှင်၏ အုပ်ချုပ်ရေးဆိုင်ရာ ရုံးအကြီးအမှူးသည် အတွင်းရေးမှူးချုပ်ဖြစ်ပြီး ကော်မရှင်မှအမည်စာရင်း တင်သွင်းသူကို နိုင်ငံတော်သမ္မတက အတည်ပြုခန့်အပ်ပါသည်။ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ကော်မရှင်အဖွဲ့ခွဲဝင် ငါးဦးစီနှင့် Aceh ပြည်နယ်တွင် ခုနစ်ဦးရှိပါသည်။ အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်တွင် တစ်နိုင်ငံလုံး ဝန်ထမ်းအင်အား ၁၁၀၀၀ ခန့်ရှိပြီး ကော်မရှင်ခွဲရုံးပေါင်း ၄၉၉ ခုခန့်ရှိပါသည်။ ထို့အပြင် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များအတွက် Over Sea Election Committee သီးခြားဖွဲ့စည်းထားပြီး စီစဉ်ဆောင်ရွက်ကြောင်း သိရပါသည်။ တစ်နိုင်ငံလုံးတွင် မဲရုံးပေါင်း ငါးသိန်းကျော်ခန့်ရှိပြီး မဲရုံတစ်ရုံလျှင် မဲရုံမှူးအပါအဝင် မဲရုံဝန်ထမ်း ခုနစ်ဦးစီခန့်ထားဆောင်ရွက်ကြောင်း၊ မဲရုံမှူးသည် နေ့တွက်စရိတ် USD 4 ဒေါ်လာခန့်နှင့် မဲရုံအဖွဲ့ဝင်သည် နေ့တွက်စရိတ် USD 3.5 ဒေါ်လာခန့်ရရှိကြောင်း သိရပါသည်။ မဲပေးချိန်မှာ နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီထိဖြစ်ပြီး မဲရုံတစ်ရုံလျှင် အများဆုံး မဲဆန္ဒရှင် ၅၀၀ သတ်မှတ်ထားကြောင်း သိရပါသည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံ၌ ရွေးကောက်ပွဲစောင့်ကြည့်အကဲဖြတ်ခြင်း၊ အငြင်းပွားမှုများကို စေ့စပ်ဖြေရှင်းခြင်းနှင့် မူဝါဒဆိုင်ရာ အကြံပေးခြင်းတို့အတွက် BAWASLU ခေါ် ရွေးကောက်ပွဲစောင့်ကြည့်ရေးကော်မတီနှင့် Honourable Council ခေါ် ရွေးကောက်ပွဲမူဝါဒအကြံပေးအဖွဲ့တို့ကိုလည်း နိုင်ငံတော်မှ တရားဝင်ဖွဲ့စည်းခန့်အပ်ထားကြောင်း တွေ့ရပါသည်။

ရွေးကောက်ပွဲအငြင်းပွားမှုများကိုဖြေရှင်းရာတွင် အမျိုးအစား သုံးမျိုး တွေ့ရပေသည်။ ပထမတစ်မျိုးမှာ တည်ဆဲဥပဒေချိုးဖောက်သည့် ပြစ်မှုဆိုင်ရာအမှုများဖြစ်သည်။ ထိုပြစ်မှုမျိုးကို သက်ဆိုင်ရာရဲတပ်ဖွဲ့က တာဝန်ယူဖြေရှင်းပေးပြီး တရားရုံးအဆင့်ဆင့်က ဆုံးဖြတ်အပြစ်ပေးပါသည်။ ဒုတိယတစ်မျိုးမှာ ကျင့်ဝတ်ဖောက်ဖျက်မှုနှင့် စီမံခန့်ခွဲမှုညံ့ဖျင်း၍ ဖြစ်ပွားသော အငြင်းပွားမှုများဖြစ်ပြီး အဓိကအားဖြင့် BAWASLU သို့တိုင်ကြားနိုင်၍ ယင်းအဖွဲ့က KPU, Honourable Council တို့နှင့် ညှိနှိုင်းအဖြေရှာ၍ ဖြေရှင်းဆောင်ရွက်ပေးပါသည်။ တတိယအမျိုးအစားဖြစ်သည့် ရွေးကောက်ပွဲရလဒ် အနိုင်/အရှုံး အငြင်းပွားမှုများကိုမူ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့ တိုင်လျှောက်နိုင်ပြီး ယင်းခုံရုံးက အဆုံးအဖြတ်ပေးပါသည်။

### နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များ

အင်ဒိုနီးရှားနိုင်ငံတွင် ဥပဒေအမှတ် (၂/၂၀၁၁) အရ ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီပေါင်း ၇၃ ခုရှိကြောင်း သိရပါသည်။ ယင်းဥပဒေအရ နိုင်ငံရေးပါတီတစ်ရပ်အဖြစ် မှတ်ပုံတင်နိုင်ရန် ပြည်နယ်ပေါင်း ၃၃ ခုရှိ အစိုးရကိုယ်စားပြုအုပ်ချုပ်သော ဒေသနှင့်ခရိုင်(မြို့နယ်)များတွင် အနည်းဆုံး ၇၅ ရာခိုင်နှုန်း ပါတီရုံးခွဲများဖွင့်လှစ်ထားနိုင်ရမည်ဖြစ်ပြီး ယင်းခရိုင်(မြို့နယ်)အတွင်းရှိ မြို့များတွင် အနည်းဆုံး ၅၀ ရာခိုင်နှုန်း ပါတီရုံးခွဲများ ဖွင့်လှစ်ထားနိုင်ရန် လိုအပ်ပါသည်။ ယင်းသို့ ပြည်ထဲရေး၌ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲကျင်းပရန်ရှိသောအခါ ရွေးကောက်ပွဲကော်မရှင် KPU သို့ ရွေးကောက်ပွဲဝင်ရောက်ခွင့် ထပ်မံ၍မှတ်ပုံတင်ရပါသည်။ ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ပြီးမှ ရွေးကောက်ပွဲဝင်ရောက်ခွင့်ရှိပါသည်။ ယခု ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲအတွက် ပါတီများမှတ်ပုံတင်ခြင်းကို KPU က ၂၀၁၂ ခုနှစ် ဩဂုတ်လမှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိဆောင်ရွက်ပေးခဲ့ရာ နိုင်ငံရေးပါတီ ၁၃ ပါတီ ရွေးကောက်ပွဲဝင်ခွင့်ရရှိခဲ့ပါသည်။ နိုင်ငံရေးပါတီများသည် အောက်လွှတ်တော် DPR တွင် အမတ်ရာခိုင်နှုန်း ၂ ဒသမ ၅ (နောက်ပိုင်းတွင် ဥပဒေအမှတ် ၈/၂၀၁၂ အရ အမတ်ရာခိုင်နှုန်း ၃ ဒသမ ၅ အထိ တိုးမြှင့်သည်။)အထက်မရရှိပါက နိုင်ငံတော်အဆင့်ရွေးကောက်ပွဲများတွင် ထပ်မံဝင်ရောက်ခွင့်မရှိကြောင်း လေ့လာသိရှိရပါသည်။ တစ်သီးပုဂ္ဂလအမတ်လောင်းများအနေဖြင့် အောက်လွှတ်တော် DPR တွင် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဝင်ခွင့်မရှိဘဲ DPD ၏ ၁၃၂ နေရာ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြို့တော်ဝန်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၌သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

> **အင်ဒိုနီးရှားနိုင်ငံ၌ ရွေးကောက်ပွဲစောင့်ကြည့်အကဲဖြတ်ခြင်း၊ အငြင်းပွားမှုများကို စေ့စပ်ဖြေရှင်းခြင်းနှင့် မူဝါဒဆိုင်ရာအကြံပေးခြင်းတို့အတွက် BAWASLU ခေါ် ရွေးကောက်ပွဲစောင့်ကြည့်ရေးကော်မတီနှင့် Honourable Council ခေါ် ရွေးကောက်ပွဲမူဝါဒအကြံပေးအဖွဲ့တို့ကိုလည်း နိုင်ငံတော်မှ တရားဝင်ဖွဲ့စည်းခန့်အပ်ထားကြောင်း တွေ့ရပါသည်။**



# အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော The New Light of Myanmar သတင်းစာအား The Global New Light of Myanmar သတင်းစာအမည်ဖြင့် စက်တင်ဘာလ ၁ ရက်နေ့တွင်စတင်ထုတ်ဝေမည်

သတင်းဆောင်းပါး - မိုးသူဇာစိုး
ဓာတ်ပုံ - သောင်းမြင့်၊ ခင်မောင်ဝင်း

**ရန်ကုန် ဇူလိုင် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လက်ရှိထုတ်ဝေလျက်ရှိသော သတင်းစာသုံးစောင်ဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံ၊ **The New Light of Myanmar** သတင်းစာများအနက် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော **The New Light of Myanmar** သတင်းစာအား နိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် **Global Direct Link** ကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်း၍ **The Global New Light of Myanmar** သတင်းစာအမည်ဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ထုတ်ဝေသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ **The Global New Light of Myanmar** သတင်းစာတိုက် စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားမှ သိရသည်။

"အကျိုးတူပူးပေါင်းမှုမှာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ၅၁ ရာခိုင်နှုန်း၊ **Global Direct Link** ကုမ္ပဏီက ၄၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံပြီး အသွင်သဏ္ဍာန်ပိုင်းနဲ့ အနှစ်သာရပိုင်းကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဈေးကွက်ဝင်သတင်းစာ တစ်စောင်အဖြစ် ထုတ်ဝေသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်မှာ မီဒီယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးစီမံချက် **(Media Reform)**နဲ့အညီ ဆောင်ရွက်ခဲ့တာဖြစ်ပြီး မြန်မာ့မီဒီယာနဲ့ ပုံနှိပ်ထုတ်ဝေမှုအပိုင်းမှာ ထူးခြားတဲ့ပြုပြင်ပြောင်းလဲမှုဖြစ်ပါတယ်။ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ **The Global New Light of Myanmar** သတင်းစာအနေနဲ့ အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး ကြိုးပမ်းဖော်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြောကြားသည်။

**The Global New Light of Myanmar** သတင်းစာထုတ်ဝေရန် ပုံနှိပ်စက်ကို ဂျပန်နိုင်ငံထုတ် **Mitsubishi Lithopia 4 Hi Tower 3 Unit Offset** အမျိုးအစားတပ်ဆင်ထားပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅ သန်း တန်ဖိုးရှိကြောင်းသိရသည်။ သတင်းစာကို **Tabloid Size** ၄၈ မျက်နှာနှင့် **Broadsheet Size** ၂၄ မျက်နှာရိုက်နှိပ်နိုင်ကာ စာလုံးအရည်အသွေး၊ အရောင်အရည်အသွေးမြင့် သတင်းစာများကို အချိန်တိုအတွင်း ပြီးစီးအောင် ရိုက်နှိပ်သွားနိုင်မည်ဖြစ်သည်။ **(အောက်ယာပုံ)**

"သတင်းစာတွေကို လွတ်လပ်ပြီး ပြည်သူကို ဗဟိုပြုတဲ့ သတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေနိုင်ဖို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်း ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီက ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူခဲ့ပြီး လျှောက်ထားတဲ့ ကုမ္ပဏီခြောက်ခုထဲမှာမှ နိုင်ငံသားပိုင် ကုမ္ပဏီဖြစ်တဲ့ **Global Direct Link** ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ပါတယ်။ အကျိုးတူပူးပေါင်းတဲ့ **Joint Venture** ကုမ္ပဏီအဖြစ် ကုမ္ပဏီမှတ်ပုံအမှတ်(၄ ဂျေဗွီ/၂၀၁၃-၂၀၁၄) ဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ မှတ်ပုံတင်ခွင့်ရရှိခဲ့ပါတယ်။ အသွင်သဏ္ဍာန်ပိုင်းပြောင်းလဲမှုမှာ ယခုတပ်ဆင်ထားတဲ့ ပုံနှိပ်စက်က ကမ္ဘာ့အဆင့်မီ ပုံနှိပ်စက်ဖြစ်တာနဲ့ အညီ သတင်းစာစောင်ရေ ၇၀၀၀၀ ကျော်ကို တစ်နာရီအတွင်း ရိုက်နှိပ်နိုင်မှာဖြစ်ပြီး **Resolution** ကောင်းမွန်တဲ့ အရည်အသွေးမြင့်သတင်းစာတွေ ရရှိမှာဖြစ်ပါတယ်။ အနှစ်သာရပိုင်းအနေနဲ့ သတင်းစာအရေးအသားတိုးတက်ကောင်းမွန်စေဖို့ နိုင်ငံတကာ ပညာရှင်များနဲ့ပါ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက ပြောကြားသည်။

"ဒီသတင်းစာကို နိုင်ငံတကာအဆင့်အတန်းမီ သတင်းစာအဖြစ် အဆင့်မြှင့်တင်ပြီး ဈေးကွက်စီးပွားရေးနဲ့အညီ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ **Commercial** သတင်းစာအဖြစ် ထုတ်ဝေဖြန့်ချိနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ ပြည်တွင်းမှာသာမက နိုင်ငံတကာသို့ပါ **Online** ပေါ်က ဖြန့်ချိပြီး ဈေးကွက်ယှဉ်ပြိုင်ဖို့ မိတ်ဖက်အဖွဲ့အစည်းများနဲ့လည်း ဆက်သွယ်ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဖက်စပ်ကုမ္ပဏီအဖြစ် မြန်မာ့မီဒီယာကဏ္ဍဖွံ့ဖြိုးရေးကို တစ်ထောင့်တစ်နေရာက ပါဝင်အားဖြည့်ဆောင်ရွက်ပေးရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်"ဟု **Global Direct Link** ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာ ဦးတင်ညွှန့်က ပြောကြားသည်။

**The Global New Light of Myanmar** သတင်းစာအား အသွင်သစ်ဖြင့် ရိုက်နှိပ်ထုတ်ဝေသွားနိုင်ရန် ဂျပန်နိုင်ငံ ကျိုဒိုသတင်းဌာနမှ သတင်းရေးသား တင်ဆက်မှုများနှင့်ပတ်သက်၍ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

**"အကျိုးတူပူးပေါင်းမှုမှာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ၅၁ ရာခိုင်နှုန်း၊ Global Direct Link ကုမ္ပဏီက ၄၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံပြီး အသွင်သဏ္ဍာန်ပိုင်းနဲ့ အနှစ်သာရပိုင်းကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဈေးကွက်ဝင် သတင်းစာ တစ်စောင်အဖြစ် ထုတ်ဝေသွားမှာဖြစ်"**



## ကျိုက်ထိုမြို့နယ်တွင် Ooredoo Myanmar ကုမ္ပဏီက ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်လျက်ရှိ

**ကျိုက်ထို ဇူလိုင် ၂၆**

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိထားသော ပြည်ပမိုဘိုင်းအော်ပရေတာနှစ်ခုအနက် ကာတာဆက်သွယ်ရေးကုမ္ပဏီဖြစ်သည့် Ooredoo Myanmar ကုမ္ပဏီက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ် စံပြကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်တစ်ခု တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယင်းဆက်သွယ်ရေး တာဝါတိုင်အမှတ် ၆၀၇၀ အား မြို့မ(၂) ရပ်ကွက်ရှိ ရဲအုပ်ခင်မောင်ဝင်း(မှူခင်းမှတ်တမ်းဌာန၊ ကျိုက်ထိုမြို့နယ်) ပိုင်ခြံဝင်းအတွင်း တစ်လလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် တစ်နှစ်စာ ငွေကျပ် ၂၄ သိန်းကို စာချုပ်ချုပ်ဆိုငှားရမ်း၍ တည်ဆောက်နေခြင်းဖြစ်သည်။ တာဝါတိုင်တည်ဆောက်ရေးလုပ်ငန်းမှာ ဇူလိုင် ၂၆ ရက်တွင် အောက်ခြေသံကူကွန်ကရစ်အားဖြည့်တိုင်များပြီးစီးနေပြီဖြစ်ပြီး တာဝါတိုင်တပ်ဆင်ရေးလုပ်ငန်းများမှာ တစ်ပတ်ခန့်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ တပ်ဆင်မည့်တာဝါတိုင်အမြင့်မှာ ၆၀ ဒသမ ၈ မီတာဖြစ်ကြောင်း ဆောက်လုပ်ရေးတာဝန်ရှိသူက ပြောသည်။

Ooredoo Myanmar ကုမ္ပဏီက ကျိုက်ထိုမြို့နယ်အတွင်း မြို့ပေါ်ရှိ ကံ့ကော်ရပ်ကွက်၊ ဖက္ကလိပ်ကျေးရွာ၊ ကော့ထင်းကျေးရွာ၊ မလော့ချောင်ကျေးရွာ၊ စွပ္ပနူးကျေးရွာ၊ သိမ်ဇရပ်ကျေးရွာ၊ စစ်တောင်းကျေးရွာနှင့် သရက်ကုန်းကျေးရွာ စုစုပေါင်း ရှစ်နေရာတွင် တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းများ တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရဲခေါင်ဦး)**





# ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

မိမိနိုင်ငံ၊ မိမိရေမြေ၊ မိမိဓလေ့ထုံးစံနှင့်မကိုက်ညီသည့် ယဉ်ကျေးမှုများကို နိုင်ငံသားများအနေဖြင့် အမျိုးသားရေးစံကို လက်ကိုင်ပြု၍ ကာကွယ်စောင့်ရှောက်ရန်လိုအပ်ပါကြောင်း၊ မိမိနေထိုင်ကျင်လည်ရာ ပတ်ဝန်းကျင်ရှိ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာလည်း နိုင်ငံသားတို့၏ တာဝန်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနတစ်ခုတည်းသာမက ဆက်နွှယ်ရာသက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများပူးပေါင်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည့်လုပ်ငန်းကြီးပင်ဖြစ်ပါကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဇူလိုင် ၂၁ ရက်တွင် စစ်ကိုင်းမြို့ ပညာရေးတက္ကသိုလ်၌ကျင်းပသည့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းရှင်များက ပုဂံယဉ်ကျေးမှုအမွေအနှစ်များစာတမ်း၊ ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းခြင်းကို သမိုင်းသုတေသနမှ ဆောင်ရွက်ခြင်းစာတမ်း၊ ကဗျာလွတ်အက သိမှတ်စရာစာတမ်း၊ မြန်မာ့ဂီတစီးဆင်းပုံအဆင့်ဆင့်စာတမ်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းဆိုင်ရာစာတမ်းတို့ကို ဖတ်ကြားခဲ့ကြသည်။

အလားတူ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ဇူလိုင် ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှေးဟောင်းသုတေသနပြတိုက်၌ကျင်းပခဲ့ရာ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်ကြူနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ထို့အတူ ဇူလိုင် ၂၅ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့်အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ မွန်ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမင်းနွယ်စိုး၊ ဒေါက်တာခင်မောင်လွင်၊ ဦးနိုင်လဝီအောင်၊ ဒေါက်တာလှဦးနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူများတက်ရောက်ခဲ့ကြပြီး စာတမ်းငါးစောင်ကို ဖတ်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးလုပ်ဆောင်

**သုံးခွ ဇူလိုင် ၂၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်(ကညန)မှ ဒုဦးစီးမှူး ဒေါ်သဥ္ဇာအောင် ဦးဆောင်သော ဝန်ထမ်းအဖွဲ့သည် ယနေ့နံနက် ၉ နာရီမှစ၍ သုံးခွမြို့ အားကစားခန်းမဆောင်၌ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးပေးခြင်း၊ မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိနားလည်သဘောပေါက်စေရန်နှင့် ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(ဝ၂၀)**

# “ဆဋ္ဌမအကြိမ်” မှားသည်ဆိုလျှင် . . . . .

***“မြန်မာ့အမွေ မြန်မာ့စာပေ”ခေါင်းစဉ်ဖြင့် ရေးသားထားသော ဆောင်းပါးတစ်ပုဒ်ကို ဇူလိုင် ၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရှုရပါသည်။ မြန်မာစာပေကို တန်ဖိုးထားစေလိုသော စိတ်စေတနာကောင်းဖြင့် ရေးသားထားသည်ကို တွေ့ရပါသည်။ မြန်မာစာပေဆိုပါက မြန်မာစာပေ၏ မြစ်ဖျားခံရာဟုပင် ဆိုနိုင်သော ပါဠိဘာသာကိုလည်း အလေးဂရုပြုစေလိုကြောင်း ဆိုထားပြန်ရာ ပါဠိဘာသာဆိုင်ရာကို ပို၍ချဲ့ရုံသာမက အခွင့်ကြုံရင် ကြုံသလို ပါဠိဆောင်းပါးများကို ရေးသားနေသော မိမိကား သာ၍အကြိမ်ကြိမ် ခေါ်မိပါသည်။***

မြန်မာစာပေနှင့် ပါဠိစာပေကို ရောနှော သုံးနှုန်းရာ၌ လွဲမှားမှုရှိနေသည်ကို ထောက်ပြ ဝေဖန်ထားသည်ကိုလည်း ၎င်းဆောင်းပါး၌ တွေ့ရပါသည်။ သို့ရာတွင် စေတနာကောင်းဖြင့် ထောက်ပြသည့်တိုင်အောင် အလွဲကြီးမဟုတ်သော်လည်း လွဲမှားသွားသော အမှားများကို ထောက်ပြလို၍ ဤဆောင်းပါးကို ရေးသားခြင်း ဖြစ်ပါသည်။ မိမိထောက်ပြလိုသော အကြောင်းအရာကို တိုက်ဆိုင်ကြည့်နိုင်ဖို့ မူရင်းဆောင်းပါးပါ စာသားအချို့ကို ထုတ်ပြန်ပါဦးမည်။

“အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ မြန်မာစာပေနှင့် ပါဠိစာပေ ရောနှောအသုံးပြုခြင်း ဖြစ်ပါသည်။ အချို့နေရာများတွင် အပ်စပ်မှုရှိသော်လည်း အချို့နေရာများတွင် တက်တက်စင်အောင် လွဲမှားနေသည်ကို တွေ့ရပါသည်။ ၎က်ဖျားနှင့်ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ်တွင်“အာဂန္တုက ရောဂါမဟုတ်”ဟု သုံးနှုန်းထားသည်ကို တွေ့ရှိရပါသည်။ အဆိုပါစာရေးသူအနေဖြင့် ခဏတာဟူသည့် အဓိပ္ပာယ်ကို ရယူလိုဟန်တူပါသည်။ သို့သော် မူရင်းအဓိပ္ပာယ်ကို ကိတ်နာပုဒ်တွင် လေ့လာသည့်အခါ “ရောက်လာသူ”ဟု တွေ့ရှိရပါသည်။

အလားတူ အကြိမ်အရေအတွက်နှင့် ပတ်သက်၍လည်း ရောပြွမ်းသုံးနှုန်းနေသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် အစည်းအဝေးများ၊ နှစ်စဉ်ပြိုင်ပွဲများ၊ နှစ်ပတ်လည်အခမ်းအနားများနှင့်ပတ်သက်၍ တစ်ကြိမ်မှ ဆယ်ကြိမ်အထိကိုမူ ပထမ၊ ဒုတိယစသည်ဖြင့် သုံးနှုန်းကြပြီး တစ်ဆယ်ကျော်သွားပါက (၁၁)ကြိမ်၊ (၁၂)ကြိမ် စသည်ဖြင့် သုံးကြပါသည်။ အမှန်မှာ ပထမ၊ ဒုတိယစသည်တို့သည် ပါဠိအသုံးများပင်ဖြစ်ကြပါသည်။ မြန်မာစာအရအသုံးပြုလျှင် တစ်ကြိမ်မြောက်၊ နှစ်ကြိမ်မြောက်၊ နှစ်ရက်မြောက်နေ့၊ သုံးရက်မြောက်နေ့ ဟုသာ သုံးသင့်ပါသည်။ အကယ်၍ ပါဠိလိုသုံးသည်ကိုပင် မှန်အောင်သုံးစွဲခြင်းမရှိသည်ကို တွေ့ရပါသည်။ **ဥပမာ-ဆဋ္ဌမ အကြိမ်ဟု သုံးစွဲမှုမှာ မှားယွင်းပါသည်။ အမှန်မှာ ဆဋ္ဌအကြိမ်ဟုသာ ဖြစ်ပါသည်။** (မူရင်းဆောင်းပါးမှ)

**ဆဋ္ဌမအကြိမ်(ဆဋ္ဌမတန်း)အသုံးမမှား**

“ဆဋ္ဌမအကြိမ်”ဆိုသော အသုံးဝေါဟာရ အသုံးမှား၊ မမှားဆုံးဖြတ်ရန်မှာ ၎င်းသည် ပါဠိဘာသာဝေါဟာရဖြစ်၍ ပါဠိသဒ္ဒါနှင့်ဆက်စပ်ပြီး ဆုံးဖြတ်မှသာ မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်နိုင်ပါသည်။ “ဆဋ္ဌအကြိမ်” ဟူသော (မ)မပါသော အသုံးသည် အကောင်းဆုံးဖြစ်သော်လည်း “ဆဋ္ဌမအကြိမ်”ဟု (မ)ပါသော အသုံး ဝေါဟာရလည်း မှန်ကန်ပါသည်။ ပိဋကတ်တော်၌လည်းထိုနှစ်မျိုးလုံးကိုပင် သုံးပါသည်။ ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ၌ ပြုလုပ်သော ခြောက်ကြိမ်မြောက် သင်္ဂါယနာကို ဆဋ္ဌသင်္ဂါယနာဟု အကောင်းဆုံးဝေါဟာရဖြင့် သုံးထားသည်။ သာသနာနှင့် စပ်လျဉ်းသည့် ခြောက်ခုမြောက်ပွဲသဘင်ဟူသမျှကိုလည်း ဆဋ္ဌ (ခြောက်ကြိမ်မြောက်)ဟု သုံးသည်မှာလည်း ထိုသဘောပင်ဖြစ်သည်။ သို့ရာတွင်“ဆဋ္ဌမ”ဟူသော (မ)ပါသောအသုံးကို ပိဋကတ်တော်၌ သုံးထားရုံသာမက သဒ္ဒါကျမ်းများကလည်း သုံးနိုင်ကြောင်း ခွင့်ပြုထားသည်။ ထို့ကြောင့် “ဆဋ္ဌမအကြိမ်” ဟူသော လူတို့၏အသုံး “ဆဋ္ဌမတန်း”ဟူသော အခြေခံပညာအလယ်တန်းကျောင်းသုံးစာအုပ်၌ သုံးထားသော အသုံးအနှုန်းသုံး ဝေါဟာရတို့ကိုလည်း မှားသည်ဟု ဆိုရန်မသင့်လျော်ပါ။

ဒုတိယစသည်၌ ပုဒ်+ပစ္စည်းကို ခွဲပြခြင်းဖြင့် မှားမှန်ကိုစိစစ်နိုင်သည်။ ဒုတိယ၊ တတိယပုဒ်တို့၌ (တိယ)၊ စတုတ္ထ ပုဒ်၌ (ထ)၊ ဆဋ္ဌပုဒ်၌ (ဋ္ဌ)တို့သည် ပူရဏ=ပြည့်မြောက်ကြောင်းဟူသော အနက်ကို ဟောပါသည်။ ပဉ္စ(၅)၊ သတ္တ (၇)၊ အဋ္ဌ(၈)တို့မှာ ပြည့်မြောက်ကြောင်းအနက်အတွက် (မ)ပစ္စည်း လိုအပ်သော်လည်း ဆ(၆)မှာ ထိုပြည့်မြောက်ကြောင်း အနက်ကို ဋ္ဌပစ္စည်းကဟောပြီးဖြစ်၍ (ဆဋ္ဌမ)ဟု (မ)ပစ္စည်းမလို။ ထို့ကြောင့် “ဆဋ္ဌသင်္ဂါယနာ၊ ဆဋ္ဌအကြိမ်၊ ဆဋ္ဌတန်း” အသုံးအနှုန်းသည် အကောင်းဆုံးဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။ ဆောင်းပါးရှင်ကလည်း ဤသဘောကို ရည်ညွှန်းပုံရသည်။

ကစ္စည်း သဒ္ဒါ၏ အဖွင့်ရူပသိဒ္ဓိကျမ်း၌ ဆဋ္ဌောယေဝ ဆဋ္ဌမော (ဆဋ္ဌပုဒ်သည်ပင် ဆဋ္ဌမမည်၏)ဟု မ ပစ္စည်း အနက်မရှိကြောင်း၊ အနက်မရှိသော်လည်း အသုံးရှိကြောင်း ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။ ရူပသိဒ္ဓိအပါအဝင် သဒ္ဒါကျမ်းတို့၌ သုတ္တနိဒ္ဒေသ ပါဠိတော်လာ “ဆဋ္ဌမော သော ပရာဘဝေါ”ဟူသော စကားရပ်၊ ဗုဒ္ဓဝံသပါဠိတော်လာ ‘ဆဋ္ဌမံ ခန္တိပါရမိ” ဟူသော စကားရပ်တို့ကို နုတ်ထုတ်ပြီး ကိုးကားထားပါသည်။ (သုတ္တနိ၊ ၂၉၆။ ဗုဒ္ဓဝံ၊ ၃၁၇ ကြည့်။)

ပထမ(ပဌမ)၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌ(ဆဋ္ဌမ)၊ သတ္တမ၊ နဝမ၊ ဒသမ၊ ဧကာဒသမ၊ ဒွါဒသမ-စသည်တို့၌တွင် ပထမပုဒ်ပါ(မ)၊ ဆဋ္ဌမပုဒ်ပါ(မ)၊ ပဉ္စမ-သတ္တမစသည်တို့ပါ(မ)ဟု (မ)ကိုသုံးမျိုးခွဲခြားကြည့်ဖို့ လိုသေး၏။ ထိုတွင် ပထမ(ပဌမ)ပုဒ်လာ(မ)သည် ပူရဏ-ပြည့်မြောက်ကြောင်းအနက်ကို မဟော၍ **“ပထမအကြိမ်”** ဟုသာ သုံးစွဲရမည်။ **“ပထမအကြိမ်မြောက်”**ဟု မသုံးစွဲရန်လည်း ကျမ်းပြုအကျော် အရှင်ဇနကာဘိဝံသ၏ သဒ္ဒါကျမ်း အဖွင့်၌ တွေ့ရပါသည်။ အခြား (မ)နှစ်မျိုး၏ အနက်ကို ရှေ့မှာပြဆိုခဲ့ပြီးဖြစ်သည်။ ဤထက်ကျယ်ဝန်းသော အနက်အဓိပ္ပာယ်ရှိသေးသော်လည်း ကျယ်အံ့စိုး၍ လျစ်လျူရှုလိုက်ပါသည်။

အာဂန္တုကပုဒ်နှင့်ပတ်သက်၍ ဆွေးနွေးပါဦးမည်။ အာဂန္တုကပုဒ်၏ မူရင်းအနက်ကို လေ့လာသည့်အခါ “ရောက်လာသူ”တွေ့ရပါသည်ဟု ဆောင်းပါးရှင်က ရေးသားပါသည်။ မူရင်းအနက်အနေဖြင့် မှန်ကန်ပါသည်။ သို့ရာတွင် ပါဠိဘာသာ၌ မူရင်းအနက်ကို ချည်းလိုက်ပြီး အဓိပ္ပာယ်ဖော်နေလျှင် မလိုလားအပ်သော အနက်အဓိပ္ပာယ်များ ပါဝင်ငြိကပ်နိုင်သည်။ ထို့ကြောင့် အချို့နေရာ၌ မူရင်းအနက်ကို မဖော်ပြဘဲ ဝေါဟာရအနက်ကိုသာ ဖွင့်ဆိုရပါသည်။ ဝေါဟာရအနက်အနေအားဖြင့်“အာဂန္တုက” ပုဒ်၏အနက်ကို “ဧည့်သည်”ဟု ဘာသာပြန်ရသည်။ ၎က်ဖျားရောဂါကို ဖြစ်နေကျရောဂါ (ယခင်ကပင် ရရှိထားသောရောဂါ)မဟုတ်မူ၍ အာဂန္တုကရောဂါဟု သုံးစွဲခြင်းမှာလည်း မှန်ကန်သော အသုံးအနှုန်းသာဖြစ်သည်။ ဝေါဟာရအနက်အဓိပ္ပာယ်အပေါ်မှာ ဥပစာစကားထပ်ဆင့်သုံးနှုန်းထားခြင်း ဖြစ်ပေမည်။

ပါဠိဝေါဟာရတစ်ခုကို ပုဒ်+ပစ္စည်းခွဲ၍ (သို့မဟုတ်) ဓာတ်+ပစ္စည်းခွဲ၍ သဒ္ဒါနက်ကိုချည်း ဦးစားပေးလွန်းလျှင်လည်း ရံခါလိုရင်းအဓိပ္ပာယ် ပျောက်တတ်ပါသည်။ ဝေါဟာရအနက်ဖွင့်ဆိုရုံမျှဖြင့် ကိစ္စပြီးပါလျက် ငုပ်နေသော သဒ္ဒါနက်ကို ဖော်ထုတ်နေခြင်းသည် အကျိုးမများလှပါ။ ဥပမာအားဖြင့် အာဂန္တုက=ဧည့်သည်။ မာတု=မိခင်။ ပိတု=ဖခင်။ ဘိက္ခု=ရဟန်း။ သာမဏေရ=ကိုရင်ဟုဆိုလျှင် ဝေါဟာရတ္ထအားဖြင့် အဓိပ္ပာယ်သိပြီးဖြစ်၏။ ၎င်းတို့ကို ပုဒ်၊ ဓာတ်၊ ပစ္စည်းခွဲခြမ်းစိတ်ဖြာပြီး အဓိပ္ပာယ်ဖော်ရလျှင် အာဂန္တုက=ရောက်လာသူ။ မာတု= (တရားသဖြင့်သားကို) မြတ်နိုးတတ်သူ။ ပိတု=သားသမီးကိုစောင့်ရှောက်သူ။ ဘိက္ခု=တောင်းစားသူ။ သာမဏေရ= ရဟန်း၏သားဟု ဖော်ပြရပါသည်။ ထိုသို့ဖော်ပြခြင်းသည် ဗျုပ္ပတ်ခေါ် ထူးခြားဖြစ်စဉ်ကိုကြည့်ပြီး ဖော်ရခြင်းလည်း ဖြစ်ပါသည်။ ထိုသို့ဖော်ပြသဖြင့် အနက်အဓိပ္ပာယ် တလွဲတချော်ဖြစ်တတ်သဖြင့် ပုဂံခေတ် ကျမ်းပြုအကျော် ဆရာတော်တစ်ပါးက သူပြုစုသော သဒ္ဒါကျမ်းတွင်“ယထကထဉ္စိ ဗျုပ္ပတ္တိ၊ ရုဠှီယာ အတ္ထနိစ္ဆယော” ဟု မိန့်မှာပါသည်။ အဓိပ္ပာယ်မှာ ဓာတ်ပစ္စည်းစသည်ခွဲခြားပြီး ဝိဂြိုဟ်ပြုပါ။ အချို့ပုဒ်အတွက် အနက်အဓိပ္ပာယ်ကို ရုဠှီနည်း(ဥပစာ)အားဖြင့် ဆုံးဖြတ်ပါဟု ဖြစ်ပါသည်။

အထက်အညာအရပ်၌ လူတစ်ဦးတစ်ယောက် ရောက်လာလျှင် “ဧည့်လာသည်”ဟု ပြော၍ ရဟန်းတစ်ပါးပါးရောက်လာလျှင် “အာဂန္တုရောက်လာသည်”ဟု ပြောကြသည်။ အာဂန္တုနှင့် ဧည့်သည်ခွဲခြားချက်ဟု သူတို့ပြောကြသည်။

ဘုရားရှင်သည် ဝေါဟာရကုသလ=ဝေါဟာရကျွမ်းကျင်သူဖြစ်သည်။ မိမိတို့လည်း ထိုကဲ့သို့ဖြစ်အောင် ကြိုးစားနေသည်။ မှားသည်ဟု ထင်မြင်ယူဆသော အကြောင်းတစ်ခုကို တွေ့မြင်၍ ပြင်ဆင်ဖို့ ကြိုးစားခြင်း ဖြစ်ပါသည်။

**ဘုန်းကြီး သ.စ.အ**
**(မင်္ဂလာရာမပါဠိတက္ကသိုလ်)**

## ကျပ်သိန်း ၄၅၀ ကျော်တန်ဖိုးရှိ Handset များ Mobile Team မှ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**

မန္တလေး-မူဆယ်လမ်းကြောင်းတစ်လျှောက် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးရေးအဖွဲ့ (Mobile Team)သည် စစ်ဆေးရေးတာဝန် ထမ်းဆောင်နေစဉ် ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီခန့်တွင် မူဆယ်မှ မန္တလေးသို့မောင်းနှင်သည့်ယာဉ်အမှတ် 2H/ ------- အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ခန့်မှန်းတန်ဖိုးကျပ်သိန်း ၁၆၀ တန်ဖိုးရှိ Huawei G 610 အမျိုးအစား Handset အလုံး ၂၀၀ အား ပိုင်ရှင်မဲ့စစ်ဆေးတွေ့ရှိခဲ့သည်။

အလားတူ ဇူလိုင် ၂၂ ရက် ည ၈ နာရီနှင့် ည ၁၀ နာရီတွင် မူဆယ်မှ မန္တလေးသို့မောင်းနှင်သည့် ယာဉ်အမှတ် ၈ဂ/-------(Light Truck) ယာဉ်နှင့် 4C /------- Mark II ယာဉ်များအား စစ်ဆေးရာ အကောက်ခွန်မဲ့ပိုင်ရှင်မဲ့ AOTO တံဆိပ် Handset အလုံး ၄၅၀၊ Gift Package ဘူး ၄၅၀ (ခန့်မှန်းတန်ဖိုးကျပ် ၂၄၇၅၀၀၀၀)နှင့် INHON တံဆိပ် Tablet အလုံး ၈၀ (ခန့်မှန်းတန်ဖိုးကျပ် ၄၄၀၀၀၀၀)နှင့် Adaptor အလုံး ၃၀ (ခန့်မှန်းတန်ဖိုးကျပ် ១၅၀၀၀၀)အား စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လေ့ကျင့်ရေးသရုပ်ပြမီးသတ်ဆေးဘူးများ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တွင် မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းနှင့် ပြည်သူလူထုအား လက်တွေ့လေ့ကျင့်သရုပ်ပြခြင်းများတွင် အသုံးပြုနိုင်ရန်အတွက် ဂျပန်နိုင်ငံ Hatsuta Seisakusho ကုမ္ပဏီနှင့် မြန်မာနိုင်ငံ Myanmar Trillion Group Co., Ltd တို့မှ လေ့ကျင့်ရေးသရုပ်ပြ မီးသတ်ဆေးဘူး Tester 7 ၁၅ လုံးအား မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဂျပန်နိုင်ငံ Hatsuta Seisakausho ကုမ္ပဏီမှ President Mr.Kazuhiro Hatsuta နှင့် Myanmar Trillion Group Co., Ltd မှ ဒေါက်တာ ဇော်မျိုးဆွေမှ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံမီးသတ်ဦး စီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက လက်ခံရယူကြောင်း သိရသည်။

**(ကြေးမုံ)**

## ကမ်းပါးပြိုကျ၍ ဘေးဒုက္ခရောက်ကြရသော အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**မိုးကောင်း ဇူလိုင် ၂၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းရပ်ကွက်တွင် ဖြစ်ပွားခဲ့သည့် နန့်ရင်းချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျ၍ ဘေးဒုက္ခရောက်ကြရသော အိမ်ထောင်စုများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ သွပ်နှင့် အိမ်ဆောက်ပစ္စည်းဖိုးအတွက် ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက်တွင် နန့်ရင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနွယ်နှင့် ပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ရေဘေးသင့်အိမ်ထောင်စုများအား တိုင်းကြက်ခြေနီထောက်ပံ့

**ဟိုင်းကြီးကျွန်း ဇူလိုင် ၂၆**

ဟိုင်းကြီးကျွန်းမြို့ အမှတ် (၃)ရပ်ကွက် နယ်မြေ(၁၁)ရှိ ရေဘေးသင့် အိမ်ထောင်စု ၃၆ စုကို ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီ၏ခွင့်ပြုချက်ဖြင့် ဟိုင်းကြီးကျွန်းမြို့နယ် ကြက်ခြေနီတပ်ခွဲမှူး ဦးမြင့်ဌေးက ဇူလိုင် ၂၅ရက် မွန်းလွဲ ၁နာရီ မိနစ်၄၀က အလျား၁၈ပေ၊ အနံ၁၂ပေရှိသော တာပေါ်လင်မိုးကာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးသင့်အိမ်ထောင်စုများ ထောက်ပံ့မှုကို မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူတစ်ဦးက လှူဒါန်းသော ဆန်နှစ်အိတ်ကိုလည်း ရေဘေးသင့်ပြည်သူများကို ဆက်လက်လှူဒါန်းပေးအပ်ခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**မြို့နယ်ခွဲ(ပြန်/ဆက်)**

## သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် စံပြမြေကွက် စိုက်ပျိုးပြီးစီး

**အင်ဂျန်းယန် ဇူလိုင် ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ်ရှိလယ်ယာမြေများ စပါးအထွက်တိုးကောင်းမွန်စေရန် ရည်ရွယ်ချက်ဖြင့် တောင်သူများအား လုံ-ဂ အဖိုလိုင်း သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP)ဖြင့် စိုက်ပျိုးစေရာ အင်ဂျန်းယန်မြို့ ဖုံရောင်ဒုံ(ကျောင်းကွင်း)မှ တောင်သူ ဦးနော်နော်၏ လယ်မြေတွင် ဇူလိုင် ၂၃ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးထွန်းက ဦးဆောင်၍ ကြီးကြပ်စိုက်ပျိုးခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးကံထူးနှင့် ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

## လေအိုးအတွင်းလေဖြည့်သွင်းစဉ် လေအိုးပွင့်ထွက်ခဲ့၍ ဒဏ်ရာရ

**ရန်ကုန် ဇူလိုင် ၂၆**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းက လေအိုးအတွင်းလေဖြည့်သွင်းစဉ် လေအိုးပွင့်ထွက်ခဲ့၍ အမျိုးသားတစ်ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေးတောင် ရပ်ကွက် (၉၄)လမ်းရှိ ကားဝပ်ရှော့တွင် လေအိုးပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်က သွားရောက်စစ်ဆေးခဲ့ရာ ဝပ်ရှော့အလုပ်သမားကိုဖြိုးလွင်ဝင်းသည် လေဖြည့်စက်ရှိ လေအိုးအတွင်း လေဖြည့်သွင်းစဉ် လေအိုးအောက်ခြေပွင့်ထွက်ခဲ့၍ ဝဲခြေသလုံးစုတ်ပြဲဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် တင်ပို့ကုသခဲ့ရကြောင်း သိရသည်။

ယင်းကဲ့သို့ ဖြစ်ပွားခဲ့သည့်အတွက် ကိုဖြိုးလွင်ဝင်းအား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက (ပ)၄၅၆/၂၀၁၄၊ ပြစ်မှု ပုဒ်မ ၂၈၆/၃၃၈ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၄၀)**

## Dragon Blade ဇာတ်ကားအပေါ်တွင် ယုံကြည်မှုအပြည့်ရှိနေသည့် ဂျက်ကီချန်း

ဟောင်ကောင်အက်ရှင်မင်းသားကြီး ဂျက်ကီချန်းက ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းတွင်ထွက်ရှိမည့် Dragon Blade တရုတ်သမိုင်း မှတ်တမ်းဇာတ်ကားတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားပြီး ယင်းဇာတ်ကားသည် ရုံဝင်ငွေများစာရင်းတွင် အောင်မြင်သည့်ဇာတ်ကားတစ်ကားဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံတကာသို့ဖြန့်ချိပြသမည့် အဆိုပါဇာတ်ကားတွင် ဂျက်ကီချန်းသည် ပြင်သစ်နိုင်ငံ၏အမျိုးသားရုပ်ရှင်ဆုတစ်ခုဖြစ်သည့် César Award နှင့် အော်စကာဆုရ အမေရိကန်မင်းသား Adrien Brody၊ တောင်ကိုရီးယားတေးသံရှင်နှင့်သရုပ်ဆောင် ချွဲစီဝန်းတို့လည်း ပါဝင်အားဖြည့်ထားပြီး ယင်းဇာတ်ကားအတွက် အချိန် ခုနစ်နှစ်ကြာ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါဇာတ်ကား၏ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၆၅ သန်းခန့် အထိ ရှိနေပြီဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားသည် မိမိဘဝအတွက် အလှည့်အပြောင်းတစ်ခုဖြစ်မည်ဟု ယုံကြည်ပါကြောင်း ဂျက်ကီချန်းက ဆိုသည်။



ဆက်လက်ပြီး တောင်ကိုရီးယားကြယ်ပွင့် ချွဲစီဝန်းကလည်း "ဂျက်ကီချန်းကို အနုပညာလောကကလူတွေ ဘာကြောင့် လေးစားကြလဲဆိုတာ ကျွန်တော်နားလည်သွားပြီ၊ သူဟာ အားလုံးအပေါ်မှာကာကွယ်ပေးပြီး အတော်ဂရုစိုက်တယ်၊ အခွင့်အရေးရှိမယ်ဆိုရင် ဂျက်ကီချန်းနဲ့ နောက်တစ်ကြိမ်ဆုံချင်ပါသေးတယ်"ဟု ပြောကြားခဲ့သည်။

---



ရုပ်ရှင်သရုပ်ဆောင်နှင့်မော်လ်ဒယ် တစ်ဦးဖြစ်သူ Megan Fox။

## လူအများစိတ်ဝင်စားခံရသော်လည်း အထီးကျန်မှုခံစားနေရသူ Megan Fox

ရုပ်ရှင်သရုပ်ဆောင်နှင့် မော်လ်ဒယ် တစ်ဦးဖြစ်သူ Megan Fox က ၎င်းသည် အမြဲတမ်းလိုလို လူအများ စိတ်ဝင်စားခံရသူတစ်ဦး ဖြစ်ခဲ့သော်လည်း အထီးကျန်သလို ခံစားရပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း အသစ်ထွက်ရှိလာသည့် လိပ်နင်ဂျာဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်ထားသူ အသက် (၂၈)နှစ်အရွယ် မင်းသမီး Megan Fox က "ကျောင်းနေစဉ် အလယ်တန်းနှင့် အထက်တန်း ကျောင်းသူဘဝကတည်းက သူငယ်ချင်းများများမရှိခဲ့ပါဘူး၊ တစ်ခါတစ်ရံ အထီးကျန်လွန်းလို့ ကိုယ့်ကိုယ်ကိုယ် လူထူးလူဆန်းတစ်ယောက်လိုတောင် ခံစားရပါတယ်"ဟု ဆိုသည်။

ဟောလိဝုဒ်ရုပ်ရှင်လောက၏ ဆွဲဆောင်မှုအရှိဆုံးမင်းသမီးတစ်ဦးအဖြစ် တင်စားခံရသူ သရုပ်ဆောင် Megan Fox ပါဝင်သရုပ်ဆောင်ထားသည့် Teenage Mutant Ninja Turtles ဇာတ်ကားသစ်ကို ဩဂုတ်လဆန်းပိုင်းတွင် ပါရာမောင့်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင် - စုစည်းသည်**

## ပြည်သူ့အကျိုးပြုလုပ်ငန်းမြှင့်တင်ဆောင်ရွက်လျက်ရှိသည့် နယ်လှည့်စာကြည့်တိုက်

**ညောင်တုန်း ဇူလိုင် ၂၆**

ဗဟုသုတဖြစ်ရေး ပြန်ကြားရေးနှင့် ဖျော်ဖြေရေးတို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြည်သူကိုဗဟိုပြု၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရှိရာ ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မိုးဟုတ်ကျေးရွာအုပ်စု ကွင်းကလေးကျေးရွာ မူလတန်းကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သန္တာဦးက နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စာပေဖတ်ရှုလေ့လာခြင်းအားဖြင့် ရရှိသည့် အကျိုးကျေးဇူးများအကြောင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်မှုများအကြောင်းကို ဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ကျောင်းသားကျောင်းသူများအား ရုပ်ပြ၊ ပုံပြင်နှင့် ဘာသာရေးစာအုပ်များကို



တစ်နေ့တာ ဖတ်ရှုနိုင်ရန် ဖြန့်ဝေပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

နိုင်ငံတကာ သတင်းဂျာနယ်

### နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု( ဘွဲ့လွန်တန်း )လျှောက်လွှာခေါ်ယူခြင်း

### နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု( ဘွဲ့ကြိုတန်း )လျှောက်လွှာခေါ်ယူခြင်း

# ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားဝူရှူးပြိုင်ပွဲနှင့် ကလပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**လားရှိုး ဇူလိုင် ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အလှည့်ကျ အားကစားနည်းအလိုက် လက်ခံကျင်းပရာ ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့်ပြည်နယ်ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၁၀နာရီခွဲက လားရှိုးမြို့ ပြည်ထောင်စု အားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဖလားနှင့် ဆင့်ပွားဖလားတို့အားလည်းကောင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် နေပြည်တော်အသင်းတို့အားလည်းကောင်း ပြည်နယ်ဝန်ကြီးချုပ် (ကိုယ်စား) ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဖလား အသက်(၂၃)နှစ်အောက် ကလပ်ပေါင်းစုံဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၄ရက် မွန်းလွဲ ၂ နာရီက လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်းအတွင်းတွင် မြမဥ္ဇူစံအသင်းနှင့်ရှမ်းတောင်တန်းအသင်းတို့ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည့် မြမဥ္ဇူစံအသင်းအား ဆုဖလားနှင့်ငွေသားဆု ကျပ် ခုနစ်သိန်းတို့ကိုပြည်နယ်ဝန်ကြီးချုပ် (ကိုယ်စား)ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုလိုအားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခွဲဝေကျင်းပခြင်းအားဖြင့် ဒေသအတွင်း အားကစားကိုပိုမိုလိုက်စားစေလာပြီး အားကစားကို စိတ်ပါဝင်စားသူများ များပြားလာခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော လူငယ်လူရွယ်များပေါ်ထွက်လာစေမည့် အကျိုးဆက်များကိုရရှိခံစားကြရမည်ဖြစ်ကြောင်းသိရသည်။

**[ပြည်နယ် ပြန်/ဆက်]**



# ပထမတန်း အမှတ်ပေးချန်ပီယံဆု ဟံသာဝတီဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၂၆**

၂၀၁၄ ခုနှစ် ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၈)၏ ပထမနေ့ပွဲစဉ်အဖြစ် ဟံသာဝတီနှင့်ငွေကြယ်ပွင့်လေးများအသင်းတို့သည် ယမန်နေ့ ညနေပိုင်းက ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားရာ ဟံသာဝတီအသင်းက ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ဟံသာဝတီအသင်းမှာ ပွဲစဉ်မကုန်ဆုံးမီကတည်းက ချန်ပီယံဆုကို ရယူထားနိုင်ခြင်းဖြစ်ပြီး ရခိုင်အသင်းနှင့်အတူ MNL သို့တန်းတက်ခွင့်ရရှိထားပြီဖြစ်သည်။ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ဟံသာဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေး ကျပ်သိန်း ၁၅၀ နှင့်ဆုဖလား၊ ဒုတိယဆုရ ရခိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ဆုကြေးကျပ် သိန်း ၁၀၀တို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**[ချစ်ကိုကို]**

# AFF အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲဝေမှုများထွက်ပေါ်

လာမည့် စက်တင်ဘာလအတွင်း မလေးရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၄ အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲ အတွက် အုပ်စုမဲခွဲဝေမှုများပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှ ဒေသတွင်းမှ အသင်း ၁၀ သင်းဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အုပ်စု (က) တွင် ဩစတြေးလျ၊ အင်ဒိုနီးရှား၊ မလေးရှား၊ တီမော၊ ဘရူနိုင်းစသည့်အသင်းများ ပါဝင်နေသလို အုပ်စု (ခ)တွင် ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ လာအို အသင်းတို့ တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။ မြန်မာအသင်းမှာ ယင်းပြိုင်ပွဲတွင် အကြိမ်ကြိမ်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ဖူးသော်လည်း အုပ်စုအဆင့်မှပင် လွတ်မြောက်အောင်စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိသေးပေ။ လက်ရှိအချိန်တွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းမှာ တရုတ်ဖိတ်ခေါ် ဖူဆယ်ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေပြီး အဖွင့်ပွဲစဉ်တွင် အိမ်ရှင်တရုတ် အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်ဂိုးပြတ်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

**[ရဲစွမ်း]**

# ဘာစီလိုနာတိုက်စစ်မှူး ဘိုဂျန်ကာကစ်အား စတုတ်စီးတီးခေါ်ယူ

အင်္ဂလန်ပရီမီယာလိဂ်ကလပ်အသင်းတစ်သင်းဖြစ်သည့် စတုတ်စီးတီးအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် ဘာစီလိုနာအသင်း၏ စပိန်တိုက်စစ်မှူး ဘိုဂျန်ကာကစ်အား ခေါ်ယူလိုက်ပြီဖြစ်ကြောင်းသိရသည်။ ဘိုဂျန်ကာကစ်မှာ ဘာစီလိုနာလူငယ်အကယ်ဒမီမှ ပေါ်ထွက်လာခဲ့သည့်ကစားသမားတစ်ဦးဖြစ်ပြီး ဘာစီလိုနာအသင်းတွင် အသက် (၁၇) နှစ်အရွယ်ဖြင့် ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ ထို့ပြင် ကာကစ်မှာ ဘာစီလိုနာအသင်း၏ သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးဂိုးသွင်းသူတစ်ဦးအဖြစ်စံချိန်တင်ရှိထားခဲ့သူဖြစ်ပြီး နည်းပြဟောင်း ဂွါဒီယိုလာလက်ထက်တွင် အသင်း၌ ပါဝင်ကစားခွင့်ရရှိခဲ့သူလည်းဖြစ်သည်။ သို့သော် ဘာစီလိုနာအသင်းမှာ ဂွါဒီယိုလာ ထွက်ခွာသွားခဲ့ပြီး နောက်ပိုင်း ဘိုဂျန်ကာကစ်အား ရိုးမား၊ အေစီမီလန်စသည့်အသင်းများသို့ အငှားချခဲ့ပြီး လက်ရှိအချိန်တွင် ၎င်းမှာဟော်လန်ထိပ်သီးကလပ် အေဂျက်ဇ်အသင်းတွင် အငှားဖြင့်သွားရောက်ကစားနေခဲ့ခြင်းဖြစ်သည်။ စတုတ်စီးတီးအသင်းမှာ ဘိုဂျန်ကာကစ်၏ပြောင်းရွှေ့ကြေးအား ထုတ်ပြန်ခဲ့ခြင်းမပြုဘဲ ၎င်းနှင့် လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ကာကစ်မှာ ယခုနှစ်ဘောလုံးရာသီတွင် စတုတ်စီးတီး အသင်းခေါ်ယူခဲ့သည့် ပဉ္စမမြောက်ကစားသမားဖြစ်လာခဲ့သည်။

**[ကိုရဲ]**

# အေစီမီလန်၌ ဘာလော့တယ်လီဆက်ရှိရန် ၉၉ဒသမ ၉ ရာခိုင်နှုန်းအထိ သေချာနေ

အီတလီစီးရီးအေကလပ် အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီအား ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းမှ စိတ်ဝင်စားလျက်ရှိသော်လည်း လက်ရှိကလပ် အေစီမီလန်အသင်း၌ ဘာလော့တယ်လီ ဆက်ရှိရန်မှာ ၉၉ ဒသမ ၉ ရာခိုင်နှုန်းအထိ သေချာနေကြောင်း အေစီမီလန်အသင်းအမှုဆောင်အရာရှိချုပ် အက်ဒရီယာနိုဂယ်လီယာနီက အခိုင်အမာပြောကြားခဲ့သည်။

အေစီမီလန်အသင်းဥက္ကဋ္ဌ ဘာလူစကိုနီအနေဖြင့် ဘာလော့တယ်လီအား အင်္ဂလန်အသင်းတစ်သင်းသို့ သန်းပေါင်းများစွာဖြင့် ရောင်းချနေခဲ့ကြောင်း ယခုနှစ်နွေရာသီအပြောင်းအရွှေ့အစပိုင်းက ပြောကြားခဲ့သည်များရှိခဲ့ခြင်းကြောင့် တိုက်စစ်မှူး ဘာလော့တယ်လီကိုယ်တိုင်ပင် နည်းပြအာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

သို့ရာတွင် တိုက်စစ်မှူး ဘာလော့တယ်လီသည် လာမည့်ဘောလုံးရာသီတွင် အေစီမီလန်အသင်း အောင်မြင်မှု၏ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နေခြင်းကြောင့် တိုက်စစ်မှူး ဘာလော့တယ်လီအား အင်္ဂလန်မြေသို့ ရောင်းချမည့် မည်သို့သော အခွင့်အရေးကိုမဆို ပိတ်ပင်သွားမည်ဖြစ်ကြောင်း အေစီမီလန်အသင်းနည်းပြ ဂယ်လီယာနီက ပြောကြားခဲ့သည်။ ထို့ပြင် တိုက်စစ်မှူး ဘာလော့တယ်လီ အနေဖြင့် ၎င်းကိုရောင်းချရန်တောင်းဆိုမှု မပြုလုပ်ခဲ့ကြောင်း၊ သို့ရာတွင် ရှေ့ဆက်ဘာဖြစ်မည်ဆိုသည်နှင့်စပ်လျဉ်း၍ မသိနိုင်သော်လည်း အေစီမီလန်အသင်း၌ ဆက်ရှိနေရန်မှာ ၉၉ ဒသမ ၉ ရာခိုင်နှုန်းအထိ သေချာနေကြောင်း ဂယ်လီယာနီက ဆိုသည်။

**[နိုင်လင်းကြည်]**












**လူပျောက်ကြော်ငြာ**

ရှင်ပုဏ္ဏမာ

အသက်(၁၃)နှစ်ခန့်

ရေတပြင်ရွာ၊ ရပ်စောက်မြို့နယ်၊ ရှမ်း/တောင်ဇာတိ ရွှေဘုန်းရိပ်စာသင်တိုက်၊ ကာယ (၁၀)လမ်း၊ သဃ်န်းကျွန်းကြီးရွာ၊ မင်္ဂလာဒုံမှ ၂၃-၇-၂၀၁၄ရက် နံနက် ၅ နာရီ ခန့်တွင် ပျောက်သွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉- ၇၃၀၂၄၀၆၃၊ ၀၉-၄၃၁၁၀၉၉၂၊ ၀၉-၃၆၃၆၀၁၂၅ သို့ အကြောင်းကြားပေးပါရန်။





# CONGRATULATIONS!

ni ni နီနီ Diagnostics & Health Care

မြန်မာနိုင်ငံတွင် ပထမဆုံးသော

160-SLICE CT SCANNER

TOSHIBA Aquilion™ PRIME

စက်သစ်ကြီးအား

နီနီ တွင် စတင် အသုံးပြုပါသဖြင့်

ဂုဏ်ယူဝမ်းမြောက်မိပါသည်။



GOLD LITE PTE LTD

# မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်း

## မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်     ။)
၁၃၇၆ ခုနှစ်၊     လ     ရက်
(၂၀၁၄ ခုနှစ်၊     လ     ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင် အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေသည် **မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်မှ စတင်အာဏာ တည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သူနာပြုအတတ်ပညာ**ဆိုသည်မှာ မကျန်းမာသူတစ်ဦးအားရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့်လူမှုရေးဆိုင်ရာပြုစုမှုကို လည်းကောင်း၊ ယင်းမကျန်းမာသူ၏ မိသားစုများသာမက မကျန်းမာသူနှင့် ဆက်နွယ်သူများ၏ ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို လည်းကောင်း ဖြည့်ဆည်း ဆောင်ရွက်နိုင်စွမ်းရှိသည့် အတတ်ပညာကိုဆိုသည်။ ယင်းစကားရပ်တွင် မကျန်းမာသူများအား ကျန်းမာရေး ပိုမိုကောင်းမွန်စေရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေး စသည်တို့ကို ဆောင်ရွက်ပေးသည့် လုပ်ငန်းများလည်းပါဝင်သည်။

(ခ) **သားဖွားအတတ်ပညာ**ဆိုသည်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား မမွေးဖွားမီ ပြုစုစောင့်ရှောက်ခြင်းနှင့် မွေးဖွားစဉ်အချိန်၌ အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်းတို့အပြင် သားဖွားပြီးသော မိခင်နှင့် မွေးကင်းစကလေးတို့အား ပြုစုစောင့်ရှောက်ခြင်းတို့ကိုဆိုသည်။

(ဂ) **သူနာပြု**ဆိုသည်မှာ သတ်မှတ်ထားသည့် အခြေခံသူနာပြု အတတ်ပညာကို လေ့ကျင့်သင်ကြား တတ်မြောက်အောင်မြင်ပြီးသည့်အပြင် ကောင်စီက အရည်အချင်း စစ်ဆေးအကဲဖြတ်၍ ဤဥပဒေအရမှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်ရရှိပြီး သူနာပြုအတတ်ပညာဖြင့် သူနာပြုလုပ်ငန်း လုပ်ကိုင်သူကိုဆိုသည်။

(ဃ) **သားဖွား**ဆိုသည်မှာ သတ်မှတ်ထားသည့် အခြေခံသားဖွားအတတ်ပညာကို လေ့ကျင့်သင်ကြားတတ်မြောက်အောင်မြင်ပြီးသည့်အပြင် ကောင်စီက အရည်အချင်းစစ်ဆေး အကဲဖြတ်၍ ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်ရရှိပြီးသားဖွားအတတ်ပညာဖြင့် သားဖွားလုပ်ငန်း လုပ်ကိုင်သူကိုဆိုသည်။

(င) **သူနာပြု-သားဖွား**ဆိုသည်မှာ သတ်မှတ်ထားသည့် အခြေခံသူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာကို လေ့ကျင့်သင်ကြားတတ်မြောက်အောင်မြင်ပြီးသည့်အပြင် ကောင်စီက အရည်အချင်းစစ်ဆေး အကဲဖြတ်၍ ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်ရရှိပြီး သူနာပြုနှင့် သားဖွားအတတ်ပညာဖြင့် သူနာပြု-သားဖွားလုပ်ငန်း လုပ်ကိုင်သူကိုဆိုသည်။

(စ) **မှတ်ပုံတင်ခြင်း**ဆိုသည်မှာ ဤဥပဒေအရထားရှိသော သူနာပြုနှင့် သားဖွားဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် အမည်စာရင်းရေးသွင်းခြင်းကို ဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ဤဥပဒေအရ ခန့်ထားသော သူနာပြုနှင့် သားဖွားကောင်စီ၏မှတ်ပုံတင်အရာရှိကိုဆိုသည်။

(ဇ) **လိုင်စင်**ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီက ဤဥပဒေအရ ထုတ်ပေးသော သူနာပြုလိုင်စင်၊ သားဖွားလိုင်စင်နှင့် သူနာပြု-သားဖွားလိုင်စင်တို့ကို ဆိုသည်။

(ဈ) **သူနာပြုလိုင်စင်**ဆိုသည်မှာ သူနာပြုအတတ်ပညာဖြင့် သူနာပြုလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် အရည်အချင်း ပြည့်မီသူအား ကောင်စီကထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ည) **သူနာပြု-သားဖွားလိုင်စင်**ဆိုသည်မှာ သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာတို့ဖြင့် သူနာပြုနှင့် သားဖွားလုပ်ငန်း နှစ်ရပ်လုံးကို လုပ်ကိုင်နိုင်ရန် အရည်အချင်း ပြည့်မီသူအား ကောင်စီကထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ဋ) **ကန့်သတ်လိုင်စင်**ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခုမှ သူနာပြုနှင့် သားဖွားအတတ်ပညာကို အောင်မြင်လာသောနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား သူနာပြု သို့မဟုတ် သားဖွားတစ်ဦးဦးအား သူနာပြု သို့မဟုတ် သားဖွားလုပ်ငန်းကိုဖြစ်စေ၊ ယင်းလုပ်ငန်း နှစ်ရပ်လုံးကိုဖြစ်စေ၊ လုပ်ကိုင်နိုင်ရန်ကောင်စီက လုပ်ငန်း၊ နေရာဒေသနှင့်အချိန်ကာလတို့ကို ကန့်သတ်၍ ထုတ်ပေးသော သူနာပြုကန့်သတ်လိုင်စင်၊ သားဖွားကန့်သတ်လိုင်စင်နှင့် သူနာပြုသားဖွားကန့်သတ်လိုင်စင် တစ်မျိုးမျိုးကို ဆိုသည်။

(ဌ) **သူနာပြု-သားဖွားအတတ်ပညာသင်ကျောင်း**ဆိုသည်မှာ သူနာပြုအတတ်ပညာကိုဖြစ်စေ သားဖွားအတတ်ပညာကို ဖြစ်စေ၊ ယင်းအတတ်ပညာ နှစ်ရပ်လုံးကိုဖြစ်စေ သင်ကြားပေးသည့် အောက်ပါတစ်ခုခုကို ဆိုသည်-

(၁) ကျန်းမာရေးဝန်ကြီးဌာနက ဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာနက ခွင့်ပြုသော အဖွဲ့အစည်းက ဖြစ်စေ ဖွင့်လှစ်သင်ကြားပြီး ကောင်စီက အသိအမှတ်ပြုထားသည့် အရည်အချင်းပြည့်မီသော ကျောင်း၊ သင်တန်းကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ် သို့မဟုတ် တက္ကသိုလ်။

(၂) ပုဂ္ဂလိက သူနာပြု-သားဖွားအတတ်ပညာသင်ကျောင်း တည်ထောင် ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက်လုပ်ငန်း လိုင်စင်လျှောက်ထားချက်အပေါ် ကောင်စီကစိစစ်၍ အသိအမှတ်ပြုထားပြီး ကျန်းမာရေးဝန်ကြီးဌာနက လုပ်ငန်းလိုင်စင် ထုတ်ပေးထားသော ပုဂ္ဂလိကကျောင်း၊ သင်တန်းကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ် သို့မဟုတ် တက္ကသိုလ်။

(ဍ) **ကျန်းမာရေးဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဆိုသည်။

(ဏ) **ကောင်စီဝင်**ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ အဖွဲ့ဝင်တစ်ဦးဦးကိုဆိုသည်။

(တ) **ဗဟိုအလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ထ) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ သူနာပြုနှင့် သားဖွားလုပ်ငန်းကို သတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ခြင်းရှိ မရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ကြီးကြပ်ရေးအဖွဲ့ အသီးသီးကို ဆိုသည်။

(ဒ) **ကောင်စီဖြစ်မြောက်ရေးကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီဖွဲ့စည်းရာတွင် လိုအပ်သောကိစ္စများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဖွဲ့စည်း၍ တာဝန်ပေးအပ်သော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဖြစ်မြောက်ရေးကော်မတီကို ဆိုသည်။

### အခန်း(၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ကျန်းမာရေးမူဝါဒနှင့်အညီ အရည်အသွေးပြည့်မီပြီး ထိရောက်သော သူနာပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ခ) သူနာပြုနှင့်သားဖွားများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်း မြှင့်တင်ရန်၊

(ဂ) သူနာပြုနှင့် သားဖွားအတတ်ပညာကို တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်အညီ လေ့လာသင်ယူနိုင်ရန်နှင့် အရည်အသွေးပြည့်မီစွာ ဝန်ဆောင်မှုပေးနိုင်စေရန်၊

(ဃ) သူနာပြုနှင့်သားဖွားအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုကို သူနာပြုနှင့် သားဖွားများ စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး အရည်အချင်း ပြည့်ဝစေရန်၊

(င) သူနာပြုနှင့်သားဖွားများ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းရေးနှင့် ဂုဏ်သိက္ခာကို အစဉ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(စ) သူနာပြုနှင့်သားဖွားများ၏ လုပ်ငန်းပိုင်းဆိုင်ရာဆောင်ရွက်ရာတွင် တရားမျှတမှုရှိစေရန်နှင့် အကာအကွယ်ပေးနိုင်ရန်၊

(ဆ) သူနာပြုနှင့် သားဖွားအတတ်ပညာ အရည်အသွေးပြည့်မီပြီး အဆင့်အတန်းမြင့်မားစွာ လေ့ကျင့်သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းမှုပြုရေးတို့နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပြီးပူးပေါင်းဆောင်ရွက်နိုင်ရန်။

### အခန်း(၃)
### ကောင်စီဖွဲ့စည်းခြင်း

၄။ ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက် ကျန်းမာရေးနှင့် ဆိုင်သောအစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သူနာပြုနှင့် သားဖွားကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ကောင်စီဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းရမည်။

၅။ ကောင်စီဖြစ်မြောက်ရေးကော်မတီသည်-

(က) အောက်ဖော်ပြပါသူနာပြုနှင့် သားဖွားကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော သူနာပြုသားဖွားများ၏ အမည်စာရင်းကို တောင်းခံပြီး ပဏာမကောင်စီဝင်များအဖြစ် ရွေးချယ်လျာထားရမည်-

(၁) ကျန်းမာရေးဦးစီးဌာနမှ တာဝန်ပေးအပ်ခြင်းခံရသည့်သူနာပြုအရာရှိ ..... ..... ..... (၁)ဦး

(၂) ဆေးသိပ္ပံပညာဦးစီးဌာနမှတာဝန်ပေးအပ်ခြင်းခံရသည့် သူနာပြုအရာရှိ ..... ..... ..... (၁)ဦး

(၃) ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ပေးအပ်ခြင်းခံရသည့်သူနာပြုအရာရှိ ..... ..... ..... (၁)ဦး

(၄) သူနာပြုတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ပေးအပ်ခြင်းခံရသည့်သူနာပြုအရာရှိ ..... ..... (၁)ဦး

(၅) သူနာပြုတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီးမှတာဝန်ပေးခြင်းခံရသည့် သူနာပြုအရာရှိ ..... ..... (၁)ဦး

(၆) တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ တာဝန်ပေးခြင်းခံရသည့် အရာရှိ ..... ..... (၁)ဦး

(၇) သူနာပြုအုပ်ကြီး ..... ..... (၁)ဦး

(၈) သူနာပြုသင်တန်းကျောင်းမှ ကိုယ်စားလှယ် ..... (၂)ဦး

(၉) သားဖွားသင်တန်းကျောင်းမှ ကိုယ်စားလှယ် ..... (၂)ဦး

(၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ လိုင်စင်ရသူနာပြုနှင့် သားဖွားများက မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော သူနာပြုသားဖွားကိုယ်စားလှယ် တစ်ဦးစီ ..... ..... (၁၇)ဦး

(၁၁) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ..... ..... (၁)ဦး

(၁၂) ပုဂ္ဂလိကဆေးရုံဆေးခန်းများမှ သူနာပြုနှင့် သားဖွား ကိုယ်စားလှယ် ..... ..... (၃)ဦး

(၁၃) အငြိမ်းစား သူနာပြုဆရာနှင့် ဆရာမကြီးများက မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော အငြိမ်းစားသူနာပြုဆရာနှင့် ဆရာမကြီးများ ..... .....(၁၅)ဦး

(ခ) ပုဒ်မခွဲ (က)အရရွေးချယ်လျာထားသော ကောင်စီဝင်များအား ၎င်းတို့အနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်စေရမည်။

(ဂ) ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ ကောင်စီဝင်များအဖြစ် ရွေးချယ်လျာထားသော ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များ ပါဝင်သည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် ကောင်စီဖြစ်မြောက်ရေးကော်မတီက ရွေးချယ်လျာထား၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသော ကောင်စီဝင်များအား စိစစ်ပြီး ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များ ပါဝင်သည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၇။ ကောင်စီသည်-

(က) ကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းမရှိလျှင် ကောင်စီအတွင်းရေးမှူးသည် ဘဏ္ဍာရေးမှူးအဖြစ်ဆောင်ရွက်ရမည်။

(ခ) ကောင်စီဝင်တစ်ဦးဦးအား စာရင်းစစ်အဖြစ် တာဝန်ပေးအပ်နိုင်သည်။

(ဂ) လိုအပ်ပါက ကောင်စီဝင်များအနက်မှ တွဲဖက်ဘဏ္ဍာရေးမှူးနှင့် တွဲဖက်စာရင်းစစ်တို့အဖြစ် တာဝန်ပေးအပ်နိုင်သည်။

၈။ ကောင်စီသည် ကောင်စီအတွင်းရေးမှူးအား မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးအပ်ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၉။ ကောင်စီသက်တမ်းနှင့် ကောင်စီဝင်များ၏ ရာထူးသက်တမ်းတို့နှင့် စပ်လျဉ်း၍-

(က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင် ၄ နှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ ရာထူးသက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့် အညီဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးဦးသည် ကောင်စီဝင်ရာထူးသက်တမ်း တစ်ဆက်တည်း ၃ ကြိမ်အထိ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဃ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်လွှဲပြောင်းသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၀။ ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ-

(က) ကျန်းမာရေးဝန်ကြီးဌာနသို့မဟုတ် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းက တာဝန်ပေးအပ်သည့် ကောင်စီဝင်နေရာဖြစ်လျှင် ယင်းဌာနအဖွဲ့အစည်းက ထိုလစ်လပ်သည့်နေရာအတွက် အစားထိုးတာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လိုင်စင်ရ သူနာပြုသားဖွားများ မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသူ တစ်ဦးဦး၏ နေရာဖြစ်လျှင် ယင်းတို့က ထိုသို့ရွေးချယ်တင်မြှောက်သည့်အတိုင်း အစားထိုးရွေးချယ်တင်မြှောက်ရမည်။

(ဂ) ပုဒ်မခွဲ(က)သို့မဟုတ် (ခ) အရ အစားထိုးတာဝန်ပေးအပ်ခြင်း သို့မဟုတ် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏ ရာထူးသက်တမ်းသည် လက်ရှိကောင်စီသက်တမ်း ကုန်ဆုံးချိန်အထိသာဖြစ်စေရမည်။

**စာမျက်နှာ ၁၆ သို့**

○ စာမျက်နှာ ၁၅ မှ

၁၁။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ ကောင်စီဝင်အဖြစ်မှ ရပ်စဲစေရမည်-

(က) သေဆုံးခြင်း၊ စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် သာသနာ့ဘောင်သို့ အပြီးကူးပြောင်းခြင်း၊

(ခ) နုတ်ထွက်ခြင်း၊

(ဂ) ကောင်စီသို့ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်း ၃ ကြိမ်ဆက်တိုက် တမင်ပျက်ကွက်ခြင်း၊

(ဃ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ ပြည်ပသို့ ခြောက်လနှင့် အထက်ထွက်ခွာခြင်း၊

(င) မှတ်ပုံတင်စာရင်းနှင့် လိုင်စင်ပယ်ဖျက်ခံရခြင်း၊

(စ) ကောင်စီကသတ်မှတ်သော အကျင့်စာရိတ္တ ပျက်ပြားမှုဆိုင်ရာ ပြစ်မှု သို့မဟုတ် နိုင်ငံတော်လုံခြုံရေးကိုထိခိုက်စေနိုင်သော ပြစ်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ထောင်ဒဏ်အပြစ်ပေးခံရခြင်း၊

(ဆ) ကိုယ်ကျင့်တရား ပျက်ပြားရာရောက်သည်ဟု ကောင်စီကစစ်ဆေးတွေ့ရှိခြင်း၊

၁၂။ ကောင်စီဖွဲ့စည်းခြင်းနှင့် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၄)**

**ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၃။ ကောင်စီသည်ဤဥပဒေတွင် သီးခြားသတ်မှတ်ပြဋ္ဌာန်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များအပြင် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်မှုရှိစေရန် တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) သူနာပြုနှင့်သားဖွားလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ မရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်သူနာပြု၊ သားဖွားလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဂ) ပြည်တွင်း ပြည်ပရှိ သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့ဒီပလိုမာနှင့် အောင်လက်မှတ်များကို အရည်အချင်းစစ်ဆးရန် ကင်းလွတ်ခွင့်ပြုထားခြင်းမရှိပါက အရည်အချင်း စစ်ဆေးပြီး အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) ပြည်ပရှိသူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာနှင့်အောင်လက်မှတ်များကို အသိအမှတ်ပြုရေးအတွက် အရည်အချင်းစစ်ဆေးရန် ကင်းလွတ်ခွင့်ပေးခြင်း၊

(င) ကောင်စီကအသိအမှတ်ပြုသော ပြည်တွင်း ပြည်ပရှိ သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုကဖြစ်စေ သူနာပြုနှင့် သားဖွားဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ အပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူက သူနာပြု အဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြု-သားဖွားအဖြစ်သော်လည်းကောင်း မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်း စစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ရန် ခွင့်ပြုပါက မှတ်ပုံတင်ကြေးပေးသွင်းစေပြီး သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက စိစစ်ပြီး မှတ်ပုံတင်လက်မှတ် မူရင်းခွဲထုတ်ပေးခြင်း၊

(စ) ပုဒ်မခွဲ (င)အရ မှတ်ပုံတင်လက်မှတ်ရရှိသူကလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် တစ်မျိုးမျိုး ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သို့မဟုတ် ကန့်သတ်လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းနှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း ဖြစ်ပါက မူရင်းခွဲ မိတ္တူထုတ်ပေးခြင်း၊

(ဆ) ပုဒ်မခွဲ (စ)အရ လိုင်စင်သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း ခံရသူသည်-

(၁) ပြည်တွင်းရှိသူနာပြု- သားဖွားအတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိပြီး တရားဝင် မှတ်ပုံတင်လက်မှတ်ရရှိသူဖြစ်ပါက စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ကြေးပေးသွင်းစေပြီး သက်ဆိုင်ရာလိုင်စင်ထုတ်ပေးခြင်း၊

(၂) ပြည်ပရှိသူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာသို့မဟုတ် အောင်လက်မှတ်ရရှိပြီး တရားဝင်မှတ်ပုံတင်လက်မှတ် ရရှိသူဖြစ်ပါက စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ကြေးပေးသွင်းစေပြီး သတ်ဆိုင်ရာကန့်သတ်လိုင်စင် ထုတ်ပေးခြင်း။

(ဇ) သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် တစ်မျိုးမျိုးကို သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့် အရည်အချင်းကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(ဈ) သူနာပြုကိုဖြစ်စေ၊ သားဖွားကို ဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းနှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ည) မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း၊ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို သော်လည်းကောင်း လိုင်စင်သို့မဟုတ် ကန့်သတ်လိုင်စင် ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို သော်လည်းကောင်း ခံရသောသူနာပြုကိုဖြစ်စေ၊ သားဖွားကိုဖြစ်စေ၊ သူနာပြု-သားဖွားကိုဖြစ်စေ သတ်မှတ်ထားသော လိုအပ်ချက်များနှင့် ညီညွတ်မှုရှိမရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြု၍ သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပြန်လည်ထုတ်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်ရန်နှင့် သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပြန်လည်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဋ) သူနာပြု-သားဖွားဆိုင်ရာကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်ပါက ကောင်စီဝင်တစ်ဦးဦးက ဦးဆောင်၍ ပါဝင်ပြီး အစိုးရဌာနအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့်စုံစမ်းစစ်ဆေးရေး အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ၊ ကောင်စီဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်း၍ ဖြစ်စေ၊ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်အစီရင်ခံစာတင်ပြစေခြင်း၊

(ဌ) မှတ်ပုံတင်ကြေး၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကြေး၊ သက်တမ်းတိုးမြှင့်ကြေး၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဍ) သူနာပြုနှင့် သားဖွားများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ ထိုစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက သတ်မှတ်ထားသော ဒဏ်ကြေးတပ်ရိုက်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဎ) နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက ဆေးရုံများ၊ ဆေးခန်းများ၏ သူနာပြုစုစောင့်ရှောက်မှု အဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရေး အတွက်လိုအပ်သောအရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဏ) သူနာပြုအတတ်ပညာနှင့်သားဖွားအတတ်ပညာတို့ကို နိုင်ငံတကာ အဆင့်မီစေရန် ဆောင်ရွက်ခြင်း၊ ယင်းအတတ်ပညာသင်ကြားရေးနှင့် စပ်လျဉ်း၍စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ညီမညီအခါအား လျော်စွာ စစ်ဆေး၍ လိုအပ်ပါကကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(တ) ပုဂ္ဂလိက သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်သင်ကြားရေးနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်အကဲဖြတ်ချက်များပြုလုပ်ပြီး ခွင့်ပြုရန်သင့် မသင့် သဘောထားမှတ်ချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြပြီး ခွင့်ပြုပါက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊

(ထ) သူနာပြု-သားဖွား အတတ်ပညာ သင်ကျောင်းတွင် လေ့ကျင့်သင်ကြားမှုများနှင့်စပ်လျဉ်း၍ အရည်အချင်း ပြည့်မီခြင်း၊ စံချိန်စံညွှန်းကိုက်ညီခြင်းရှိ မရှိ အခါအားလျော်စွာ စစ်ဆေးအကဲဖြတ်ခြင်း၊

(ဒ) နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံများ၊ ဆေးခန်းများ၏ သူနာပြုစုစောင့်ရှောက်မှု အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ညီမညီ အခါအားလျော်စွာ ဆန်းစစ်အကဲဖြတ်ခြင်း၊

(ဓ) သူနာပြုနှင့် သားဖွားဆိုင်ရာ အကျိုးပြုမည့် လုပ်ငန်းကိစ္စရပ်များကို ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(န) အစိုးရဆေးရုံ၊ ဆေးခန်းများနှင့် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများ တွင်တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြုနှင့် သားဖွားများ အတွက်လည်းကောင်း၊ သူနာပြု-သားဖွားများအတွက် လည်းကောင်း ယင်းတို့၏ ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သူနာပြုနှင့် သားဖွားတို့၏ ဝတ်စုံနှင့် အဆောင်အယောင်တို့ကို သတ်မှတ်ပေးခြင်း၊ အတည်ပြုချက်ပေးခြင်းနှင့် အသိအမှတ်ပြုခြင်း၊

(ပ) ကောင်စီရန်ပုံငွေကို ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်း၊ သတ်မှတ်ချက်များနှင့် အညီ ထူထောင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဖ) ကောင်စီ၏ ရုံးအဖွဲ့ကိုဖွဲ့စည်း၍ သင့်လျော်သောသတ်မှတ်လစာနှုန်းထားများဖြင့် လိုအပ်သော ဝန်ထမ်းများကို ကာလသတ်မှတ်ချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းနှင့် ထုတ်ပယ်ခြင်း၊

(ဗ) ကောင်စီပုံမှန်အစည်းအဝေးများ၊ အထူးအစည်းအဝေးများနှင့် နှစ်ပတ်လည်အစည်းအဝေးများကို သတ်မှတ်ချက်များနှင့် အညီ ခေါ်ယူကျင်းပခြင်း၊

(ဘ) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

**အခန်း (၅)**

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း**

၁၄။ ကောင်စီသည်-

(က) မိမိ၏ လုပ်ငန်းတာဝန်များကို ကောင်စီကိုယ်စား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အဖွဲ့ဝင် ၁၅ ဦးထက်မနည်းသော အောက်ပါ ပုဂ္ဂိုလ်များပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်-

| | | |
|---|---|---|
| (၁) | ကောင်စီဥက္ကဋ္ဌ ..... | ..... ဥက္ကဋ္ဌ |
| (၂) | ကောင်စီဒုတိယဥက္ကဋ္ဌ ..... | ..... ဒုတိယဥက္ကဋ္ဌ |
| (၃) | ကောင်စီဝင်အနည်းဆုံး ၁၁ဦး | ..... အဖွဲ့ဝင်များ |
| (၄) | ကောင်စီအတွင်းရေးမှူး ..... | ..... အတွင်းရေးမှူး |
| (၅) | ကောင်စီတွဲဖက်အတွင်းရေးမှူး..... | တွဲဖက်အတွင်းရေးမှူး |

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းကော်မတီများကို သတ်မှတ်ချက်များနှင့်အညီဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်-

(၁) သူနာပြု၊ သားဖွားအတတ်ပညာနှင့် လုပ်ငန်းအဆင့်အတန်း မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊

(၂) သူနာပြု၊သားဖွားပညာရေးနှင့်လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊

(၃) သူနာပြု၊ သားဖွားကျင့်ဝတ်သိက္ခာ ထိန်းသိမ်းရေးလုပ်ငန်း ကော်မတီ၊

(၄) သူနာပြု၊ သားဖွား စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီ၊

(၅) သူနာပြု၊ သားဖွားဆိုင်ရာ အခြားလိုအပ်သည့် လုပ်ငန်း ကော်မတီများ၊

**အခန်း (၆)**

**မှတ်ပုံတင်ခြင်း**

၁၅။ ကောင်စီက ပုဒ်မခွဲ ၁၃၊ ပုဒ်မခွဲ(ဂ)အရ အသိအမှတ်ပြုသော ပြည်တွင်းရှိ သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူသည် သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြု-သားဖွားအဖြစ်သော်လည်းကောင်း မှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၆။ ကောင်စီသည်-

(က) ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန်ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၁၇။ ကောင်စီက ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့အရ အသိအမှတ်ပြုသော ပြည်ပရှိသူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသော နိုင်ငံခြားသားသည် သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြု- သားဖွား အဖြစ် သော်လည်းကောင်း ယာယီမှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၈။ ကောင်စီသည်-

(က) ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကောင်စီက အရည်အချင်းစစ်ဆေးခြင်းကို ကင်းလွတ်ခွင့်ပြုထားခြင်းမရှိပါက အရည်အချင်း စစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူ နိုင်ငံခြားသားအား ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၁၉။ ပုဒ်မ ၁၅ နှင့် ၁၇ တို့အရ မှတ်ပုံတင်ရန်လျှောက်ထားသူသည်-

(က) လျှောက်လွှာပုံစံနှင့်အတူ ဘွဲ့ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို ပူးတွဲ၍ လျှောက်ထားရမည်။

(ခ) သတ်မှတ်ထားသောမှတ်ပုံတင်ကြေးကို သတ်မှတ်ချက်များနှင့် အညီပေးသွင်းရမည်။

၂၀။ (က) မှတ်ပုံတင်ရန်ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် အမိန့်ချမှတ်ခြင်းခံရသူသည် သတ်မှတ်ထားသော လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်၍ထိုအမိန့်ကို ပယ်ဖျက်ပြီး ပြန်လည်မှတ်ပုံတင်ပေးရန် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ပြန်လည်မှတ်ပုံတင်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

**အခန်း (၇)**

**လိုင်စင်နှင့် ကန့်သတ်လိုင်စင်**

၂၁။ ပုဒ်မ ၁၆ အရ မှတ်ပုံတင်လက်မှတ် ရရှိသူသည် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ သားဖွားအတတ်ပညာဖြင့် ဖြစ်စေ သူနာပြု-သားဖွားအတတ်ပညာဖြင့် ဖြစ်စေ လုပ်ကိုင်လိုပါက သူနာပြုလိုင်စင်၊ သားဖွားလိုင်စင် သို့မဟုတ် သူနာပြု- သားဖွားလိုင်စင် ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၂။ ကောင်စီသည်

(က) ပုဒ်မ ၂၁ အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ သူနာပြုလိုင်စင်၊ သားဖွားလိုင်စင် သို့မဟုတ် သူနာပြု-သားဖွားလိုင်စင်ထုတ်ပေးရမည်။

၂၃။ ပုဒ်မ ၁၈ အရ ယာယီမှတ်ပုံတင်လက်မှတ်ရရှိသော နိုင်ငံခြားသားသည် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့် ဖြစ်စေ၊ သူနာပြု-သားဖွားအတတ်ပညာဖြင့်ဖြစ်စေ လုပ်ကိုင်လိုပါက သူနာပြုကန့်သတ်လိုင်စင်၊ သားဖွားကန့်သတ်လိုင်စင် သို့မဟုတ် သူနာပြု-သားဖွား ကန့်သတ်လိုင်စင်ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီလျှောက်ထားရမည်။

(ဆက်လက်ဖော်ပြပါမည်)



## လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကျင်းပ

**နတ်တလင်း၊ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း (မြို့မ)ပတ္တမြားခန်းမတွင် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အမှတ်(၃) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူးရုံးခွဲ(သာယာဝတီ)မှ ရဲအုပ်လှဇော်ဝင်းက လူကုန်ကူးမှု ကာကွယ်တားဆီးရေးနှင့် အပြည်ပြည်ဆိုင်ရာ လူကုန်ကူးမှုဖြစ်စဉ်များကိုလည်းကောင်း၊ နတ်တလင်းမြို့ မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးမျိုးညွန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ဆရာ၊ ဆရာမနှင့်ကျောင်းသူ၊ ကျောင်းသား ဦးရေ ၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝ၇၁**

## ပရိဘောဂစက်ရုံသို့ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန်၊ ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက သစ်လုပ်ငန်း အမှတ်(၁/၂/၃) ပရိဘောဂစက်ရုံသို့ Mobile Library အိမ်တိုင်ရာရောက် စာပေငှားရမ်းမှုကို ဆောင်ရွက်ခဲ့ရာ စက်ရုံဝန်ထမ်းများ ကစိတ်ဝင်တစား လာရောက်ငှားရမ်းဖတ်ရှုလျက်ရှိကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနက သုတ၊ရသစာအုပ်များကိုနှစ်ပတ်ကြာ ငှားရမ်းပေးကြောင်းသိရသည်။

ဖင်းဌာနသည် အိမ်အရောက် စာအုပ်များ ငှားရမ်းပေးခြင်းလုပ်ငန်း Mobile Libraryကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ရွှေတိုင်လွင်**

## ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ် နှုတ်၅၀ စည်ပင် ဝေစုပေးအပ်ပွဲလက်ပံတန်းမြို့၌ကျင်းပ

**ပဲခူး၊ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ အခွန်ဦးစီးဌာနမှူးရုံးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွက် နှုတ် ၅၀ စည်ပင်သာယာဝေစု လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သက်သက်နွယ်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှုတ် ၅၀ စည်ပင်ဝေစု ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပုဂ္ဂလိကတစ်ဦးချင်း ဝင်ငွေခွန် ကောက်ခံရရှိငွေများအနက်မှ ဝင်ငွေခွန် ငါးရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၇၉၇၆၆၈ အား လွှဲပြောင်းပေးအပ်ရာ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစန်းလွင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

စည်ပင်ဝေစု ဝင်ငွေခွန်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဒေါ်သက်သက်နွယ်နှင့် ဝန်ထမ်းများ စုံညီစွာတက်ရောက်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

ဆေးပညာဆောင်းပါး

# မြန်မာ့ဆေးလောက တစ်ထောင့်တစ်နေရာ

**à EGfDQuH)**

မြန်မာ့ဆေးပညာနှင့် ဆေးမြီးတိုများနေကြသည်။ ဟိုရောဂါဖြစ်လျှင် ဟိုအသီးကိုစား သည်အရွက်ကို ပြုတ်သောက်၊ ဟိုအပင်ကအခေါက်ကိုခွာပြီးသွေးလူးစသည်ဖြင့် ဘယ်အပင်သည်ဘယ်ရောဂါကိုပျောက်သည် ဘာရောဂါဆိုလျှင် ဘာအသီး ဘာအရွက် ဘာအပင်နှင့်ကုရသည်ဟု လေ့နံဓားထစ်မှတ်ကာ လိုက်နာဆောင်ရွက်နေကြသည်မှာ လူတော်တော်များများဖြစ်သည်။

ထိုဆေးမြီးတိုများသည် မြန်မာ့ဆေးပညာမဟုတ်ပါ။ မြန်မာ့ဆေးမြီးတိုမရှိသလို ဆေးမြီးတိုနှင့်လည်း မကုကြပါ။ ကုရန်လည်း ပြဋ္ဌာန်းမထားပါ။ ဘယ်ရောဂါကို ဘယ်ဆေးနှင့် ကုရမည်ဟူ၍လည်း ပုံသေသတ်မှတ်မထားပါ။ ဗိုက်နာရင် ဗိုက်နာဆေး၊ ချောင်းဆိုးရင် ချောင်းဆိုးဆေးကို တိုက်ဟု သတ်မှတ်၍ မရပါ။ ဒါက ဒူလာ ဒါက မီးယပ်၊ သူငယ်နာဆေး၊ ဆီးဆေး၊ ဝမ်းဆေးဟူ၍လည်း အရပ်ခေါ် ခေါ်၍မရပါ။

မြန်မာ့ဆေးပညာ၏ သဘောမှာ ဤရောဂါသည် အပူကြောင့်ဖြစ်သလော၊ အအေးကြောင့်ဖြစ်သလော အကြောင်းကိုရှာဖွေ၍ အကျိုးတရားများဖြစ်ကြသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသဟူသော ဓာတ်များ၏ အလွန်အယုတ်ကိုဖြေလျှော့၍ ကုရသောဆေးပညာဖြစ်သည်။ ထို့ကြောင့် ဆေးမြီးတိုနှင့် လုံးဝဆန့်ကျင်နေသည်။

မြန်မာ့ဆေးပညာသည် စနစ်တကျရှိ၍ သိပ္ပံနည်းကျသော ဆေးပညာဖြစ်သည့်အတွက် ကျမ်းကြီးကျမ်းငယ်များနှင့် ဖွဲ့စည်းတည်ထောင်ထားသည့် အခြေခိုင်သော ဆေးပညာဖြစ်သည်။

ဘာသာအားဖြင့် သုံးဘာသာ၊ ကျမ်းအားဖြင့် ၁၁ ကျမ်းရှိသည်။ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဗေဒင်္ဂနယဟူ၍ ဖြစ်သည်။ ဒေသနာနယဘာသာဆိုသည်မှာ ဓာတ်များရုပ်များကို ဆင်ခြင်၍ ရောဂါရှာဖွေသော ဘာသာဖြစ်သည်။ ဘေသဇ္ဇနယဘာသာသည် ရောဂါကို ကုသရန်ဆေးများကို ရှာဖွေဖော်ထုတ်သော ဘာသာဖြစ်သည်။ ဗေဒင်္ဂနယဘာသာသည် ကျရောက်နေသော ရာသီဥတုကို ပိုင်းခြားသည်။ အကြမ်းအားဖြင့် အယဉ်နှစ်ပါး ဥတုသုံးပါး၊ ရတုခြောက်ပါး အာဂန္တုဘရက် အာယုမူနရက် အာယုဟာယနဘုက်များကို သတ်မှတ်၍ အပူအအေး ဓာတ်တိုင်များစိုက်၍ ခန္ဓာကိုယ်၌ ဖြစ်ပေါ်နေသည့် ရောဂါကို ညှိနှိုင်းစီစဉ်ရသည်။

ဤသုံးဘာသာနှင့် ဆေးကျမ်း ၁၁ ကျမ်းသည် မြန်မာ့ဆေးပညာတွင် အခြေခံအဓိကကျသည့် မြန်မာ့ဆေးဆရာ တစ်ယောက်သည် ဤဘာသာသုံးခုနှင့် ဆေးကျမ်း ၁၁ ကျမ်းကို သင်နည်းမှတ်ချက်နှင့်တကွ လက်တွေ့ကုထုံးကိုပါ တတ်ကျွမ်းရမည်ရဖြစ်သည်။

ဤဆေးကျမ်းသုံးကျမ်းတွင် ဘေသဇ္ဇနယဘာသာသည် နိုင်ငံခြားမှလာသော ဘာသာဖြစ်သည်။ ကျန်နှစ်ဘာသာသည် ပြည်တွင်းဖြစ်ဖြစ်သည်။ ဗေဒင်္ဂနယဘာသာတွင် ဆေးကျမ်း နှစ်ကျမ်းရှိသည်။ တောင်တွင်းဆရာတော်ခင်ကြီးပျော်ရေးသော 'အာဒိကပ္ပဒ္ဒါရသိန်"နှင့် ကျုံရှုဆရာတော်ရေးသားစီစဉ်သော "ကျုံရှု"နတ်က္ခကျမ်းများဖြစ်သည်။

ဒေသနာနယဘာသာ "တောင်ဘာခြောက်လုံးကောက်"ဆေးကျမ်းကိုတောင်သာဆရာကြီးများဖြစ်ကြသည့် ဆရာမှုံနှင့် ဆရာမဲ့တို့မှ ထည့်သွင်းလိုက်သည်။

စာရေးသူဆေးသင်တန်းတက်စဉ်က သင်တန်းနည်းပြဖြစ်သူ "ဆရာကြီး ဦးသာဒင်၊ စာရေးဆရာ ဦးမာဃ"က ပြောသည်။ ခုဒီ ပြန့်ကျဲနေသော ရောဂါများကို စုစည်း၍ အားလုံးကို ရောဂါစုကြီးခြောက်ခုထဲကိုထည့်ကာ တောင်သာ ခြောက်လုံးကောက် ဆေးကျမ်းဟူ၍ ထည့်သွင်းခဲ့ကြောင်း အလွန်မတန်အံ့ဩ ချီးမွမ်းဖွယ်ကောင်းတယ်။ အဲဒီအချိန်က သူ ကျွန်ဖြစ်နေလို့သာ ကမ္ဘာကျော်နိုင်တယ်ဟူ၍ ပြောစကားကို မှတ်မိနေသေးသည်။

မှန်ပါသည်၊ အလွန်ခက်ခဲနက်နဲသော ဆေးပညာကို နှောင်းလူများအလွယ်တကူ သင်ယူတတ်မြောက်နိုင်ရန်နှင့် အခက်အခဲမရှိကုသရန် ရည်ရွယ်၍ တည်ထွင်ပေးခဲ့ခြင်းမှာ မြန်မာ့ဆေးပညာ၏ ခိုင်ခန့်သော မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူပေးခြင်းကို အသိအမှတ်ပြုရမည်သာဖြစ်သည်။

ဤကဲ့သို့ စနစ်တကျအခိုင်အခန့်ဖွဲ့စည်းထားသော ဆေးပညာဖြစ်၍ "ဗိုက်ဖောက်ကုရသည့်" ရောဂါမှအပ ဓာတ်လေးပါး ဖောက်ပြန်၍ဖြစ်သော ရောဂါများကို "တီဘီခေါ် ချောင်းဆိုးသွေးပါ"ရောဂါအထိ ကုသနိုင်ကြောင်း မြန်မာဆေးပညာတွင် အာမခံသည်။

သို့သော် ယနေ့မြန်မာဆေးပညာတွင် "ဥံဖွ"တွေ ရောနေသည်။ ဆေးမြီးတိုများရောနေသည်။

ဤသို့မဖြစ်သင့်ပါ။ "ဆေး"ဆိုသည်မှာ အသက်ကို ဦးတည်သည် "အမှားမခံပါ"အခြားသော အရာသည် မှားလျှင် ကိစ္စမရှိပါ ပြင်၍ရနိုင်သည်။ "ဆေး"ဆိုသည်မှာ မှားသည်နှင့် သေမည်၊ မသေလျှင်လည်း လူညွန့် တုံးပြီး ဘဝဆုံးမည်မှာ အသေအချာပင် ဖြစ်သည်။

ထို့ကြောင့် တစ်ချိန်သောအခါက ထီးသုံးနန်းသုံးဖြစ်ခဲ့ပြီး မြန်မာပြည်သူလူထု၏ ကျန်းမာရေးကိုစောင့် ရှောက်ပေးခဲ့သော မြန်မာဆေးပညာတိုးတက်ထွန်းကားရန်နှင့် အရှည်တည်တံ့ရန် အတွက်နည်းလမ်းပေါင်းစုံကြံဆ၍ ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါသည်။

> မြန်မာဆေး ပညာသည် စနစ်တကျရှိ၍ သိပ္ပံနည်းကျသော ဆေးပညာဖြစ်သည့်အတွက် ကျမ်းကြီးကျမ်းငယ်များနှင့် ဖွဲ့စည်းတည်ထောင်ထား. . . . .


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စည်ပင်အိမ်ရာဝင်းနေ ဦးကျော်အောင်(လ/ထအုပ်ချုပ်ရေးမှူး၊ ဗဟန်းမြို့နယ်၊ YCDC)-ဒေါ်ယဉ်ယဉ် ကြည်(ဈေးများဌာန-YCDC)တို့၏သားကြီး

**မောင်မင်းသူဌေး B.Tech(2nd Year)(EP)**

နှင့်

မန္တလေးမြို့၊ အမရပူရနီအရှေ့(၄၈)ရပ်ကွက်နေ ဦးဆန်းဝင်း(ရွှေပန်းထိမ်)-ဒေါ်ဌေးဌေးမာ(တိုင်းဆည်မြောင်း)တို့၏သမီးကြီး

**မစောယုနန္ဒာ B.Tech(3rd Year)(EP)**

တို့သည် ၂၀-၇-၂၀၁၄ ရက်တွင် မန္တလေးမြို့နေအိမ်၌ ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးဖြစ်ပါသည်။

နှစ်ဖက်မိဘများနှင့်
မောင်မင်းသူဌေး-မစောယုနန္ဒာ

## သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်

### (၉၈)ကြိမ်မြောက်ဝါခေါင်လ (၇)ရက် အထူးတရားစခန်းပွဲဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် (၉၈)ကြိမ်မြောက် ဝါခေါင်လ(၇)ရက် အထူးတရားစခန်းပွဲကို (၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်မှ ဝါခေါင် လပြည့်နေ့အထိ) ၄-၈-၂၀၁၄ ရက်မှ ၁၀-၈-၂၀၁၄ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဆရာကြီးဦးသိမ်းဆွေ (ခနုဖြူ)နှင့် အရန်တရားဟောဓမ္မကထိကများက သစ္စာသိကြောင်း အလုပ်ပေးတရားတော်များကို မဖျိုမပဋိပဒါနည်းကျ ဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၃-၈-၂၀၁၄ ရက်(တနင်္ဂနွေနေ့) ညနေ ၅ နာရီထက်နောက်မကျဘဲကြွရောက်ကြပါရန်၊ စခန်းပွဲသို့ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယကဦးအေးကို-ဖုန်း(၀၁-၅၂၁၉၃၀)၊ ဥက္ကဋ္ဌဦးကျော်ဦး-ဖုန်း(၀၉-၇၃၁၇၅၁၉၉)၊ အတွင်းရေးမှူး ဦးမြင့်သန်း -ဖုန်း(၀၉-၄၃၁၃၃၉၁၃)၊ ဘဏ္ဍာရေးမှူး ဦးလှမျိုး-ဖုန်း(၀၉-၅၀၆၁၁၃၈)၊ အမှုဆောင် ရုံခန်း-ဖုန်း(၀၉-၇၃၀၃၇၃၇၉)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေး နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့



ကြော်ငြာ

# နည်းပညာကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့

အခြေခံပညာကျောင်းအသီးသီးမှ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက်မတက်ရောက်နိုင်သော ကလေးများနှင့် လူငယ်များ၊ မြန်မာစာရေးတတ်၊ ဖတ်တတ်အဆင့်ရှိ ကလေးများနှင့် လူငယ်များအနေဖြင့် အစိုးရဝန်ကြီးဌာနအသီးသီးမှ ဖွင့်လှစ်သော နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာသင်တန်းများကို တက်ရောက်သင်ယူနိုင်သည့် အခွင့်အလမ်းများရှိပါသည်။ အချို့သောဝန်ကြီးဌာနများတွင် Mobile Vocational Training Unit များလည်း ဖွဲ့စည်းထားရှိပါသည်။

Mobile Vocational Training Unit များသည် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ သင်ကြားပေးစေလိုသည့် ဘာသာရပ်၊ သင်တန်းအမျိုးအစားဖြင့် သက်ဆိုင်ရာမြို့နယ်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် တောင်းဆိုပါက အနည်းဆုံးသင်ယူလိုသူ (၃၀)ဦးထက်မနည်း စုစည်းပေးနိုင်မည်ဆိုလျှင် သက်ဆိုင်ရာဌာနမှ အဆိုပါ Mobile Vocational Training Unit အဖွဲ့များစေလွှတ်၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အစိုးရဝန်ကြီးဌာနအသီးသီးအနက်မှ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ယှဉ်တွဲပါဇယားအရ အမည်ဖော်ပြထားသော သင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ တက်ရောက်သင်ကြားလိုသူများအနေဖြင့် သက်ဆိုင်ရာသင်တန်းကျောင်း(သို့မဟုတ်) အောက်ဖော်ပြပါဝန်ကြီးဌာန ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အထူးလုပ်ငန်းအဖွဲ့-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၂၈၇၃**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန-၀၆၇-၄၀၄၅၀၅၊ ၀၆၇-၄၀၄၅၀၆(နေပြည်တော်)**

**လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန - ၀၆၇-၄၀၄၁၁၀**

**နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ပို့ချလျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများ**

| စဉ် | ဝန်ကြီးဌာန | သင်တန်းကျောင်း အမည်/လိပ်စာ | ဖွင့်လှစ်နေသော သင်တန်းများ | သင်တန်းသား အရည်အချင်း | သင်တန်း ကာလ | သင်တန်းကြေး (သင်တန်းအစ-ဆုံး) | စားစရိတ် | အဆောင် | သင်တန်းဆင်း လက်မှတ်အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | မသန်စွမ်းသက်ကြီး သင်တန်းကျောင်း-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ် | ၁။ အီလက်ထရွန်နစ် သင်တန်း | တက္ကသိုလ်ဝင်တန်း | ၁ နှစ် | ၂၀၀၀၀ ကျပ် | အခမဲ့ | အခမဲ့ | လူမှုဝန်ထမ်းဦးစီး ဌာနမှသင်တန်းဆင်း လက်မှတ်ထုတ်ပေး ပါသည်။ | မသန်စွမ်းမှု တစ်မျိုး(သို့)တစ်မျိုး အထက်ရှိသော မသန်စွမ်းသူ၊ အသက်(၁၈)နှစ်နှင့် အထက်ကိုယ်တိုင် လှုပ်ရှားသွားလာနိုင် သောသူများအား သင်ကြားပို့ချ ပေးပါသည်။ |
| | | | ၂။ စက်ချုပ်သင်တန်း | | ၃ လ | ၁၂၀၀၀ ကျပ် | | | | |
| | | | ၃။ ဓာတ်ပုံသင်တန်း | | ၃ လ | ၁၂၀၀၀ ကျပ် | | | | |
| | | | ၄။ ပိုးဇာပုံနှိပ်သင်တန်း | | ၃ လ | ၁၂၀၀၀ ကျပ် | | | | |
| | | | ၅။ ဆံသတင်တန်း | | ၃ လ | ၁၂၀၀၀ ကျပ် | | | | |
| | | | ၆။ ကွန်ပျူတာသင်တန်း | | ၃ လ | ၁၂၀၀၀ ကျပ် | | | | |
| | | | ၇။ စက်ချုပ်သင်တန်း | တက္ကသိုလ်ဝင်တန်း | စနေ+ တနင်္ဂနွေ (၈) ပတ် | ၅၀၀၀၀ ကျပ် | အခမဲ့ | အခမဲ့ | သင်တန်းကျောင်းမှ သင်တန်းဆင်း လက်မှတ်ထုတ်ပေး ပါသည်။ | |
| ၁။ | လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | အိမ်တွင်းမှုသက်မွေး လုပ်ငန်းသင်တန်းကျောင်း (ပုသိမ်၊ တောင်ငူ၊ ဖျာပုံ၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မြစ်ကြီးနား) | ၁။ မိန်းမဝတ် | တက္ကသိုလ် ဝင်တန်း | ၁ နှစ် | ၄၀၀၀ မှ ၁၀၀၀၀ ကျပ် | မိမိ အစီအစဉ် | မိမိ အစီအစဉ် | လူမှုဝန်ထမ်းဦးစီး ဌာနမှသင်တန်းဆင်း လက်မှတ်ထုတ်ပေး ပါသည်။ | ဝေးလံခေါင်ပါး သောဒေသများ တွင်ရပ်ရွာအခြေ ပြုအိမ်တွင်းမှု သင်တန်းအား Mobile Team အဖြစ် လိုက်လံ ပို့ချပေးပါသည်။ |
| | | | ၂။ ကျားရှပ် | | ၁ လခွဲ | ၄၀၀၀ မှ ၁၀၀၀၀ ကျပ် | | | | |
| | | | ၃။ ဇာထိုး၊ ပန်းထိုး | | ၁ လခွဲ | ၄၀၀၀ မှ ၁၀၀၀၀ ကျပ် | | | | |
| | | | ၄။ တရုတ်အစားအစာ | | ၁ လခွဲ | ၁၀၀၀၀ ကျပ် | | | | |
| | | | ၅။ ရေခဲမုန့် | | ၁ လခွဲ | ၁၀၀၀၀၀ ကျပ် | | | | |
| | | | ၆။ ဂျယ်လီသင်တန်း | | ၂ လ | ၈၀၀၀၀ ကျပ် | | | | |
| | | | ၇။ အချိုရည် | | ၂ လ | ၁၀၀၀၀၀ ကျပ် | | | | |
| | | | ၈။ သစ်သီးယိုစုံ | | ၂ လ | ၈၀၀၀၀ ကျပ် | | | | |
| | | | ၉။ စက်ကြီးပန်းထိုး | | ၁ လ | ၁၀၀၀၀ မှ ၄၀၀၀၀ ကျပ် | | | | |
| | | | ၁၀။ မြန်မာသတို့ သမီးဝတ်စုံ | | ၁ လ | ၅၀၀၀၀ မှ ၈၀၀၀၀ ကျပ် | | | | |
| | | | ၁၁။ မိန်းမဝတ်ပုံဆန်း | | ၁ လ | ၅၀၀၀၀ ကျပ် | | | | |
| | | | ၁၂။ ပန်းအလှပြင်သစ်သီး အလှပြင် | | ၁၀ ရက်မှ ၁ လ | ၅၀၀၀ မှ ၁၅၀၀၀ ကျပ် | | | | |
| | | | ၁၃။ စီးကွင့်ထိုးသင်တန်း | | ၁၄ ရက် | ၁၅၀၀၀ ကျပ် | | | | |
| | | | ၁၄။ အရှေ့တိုင်း၊ အနောက် တိုင်းဝတ်စုံ | | ၁ လ | ၇၀၀၀ ကျပ် | | | | |
| ၁။ | လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန | လူမှုဝန်ထမ်း အတတ်သင် သိပ္ပံကျောင်း | ၁။ သင်ကြားပြသမည့် နည်းစနစ်ဆွေးနွေးပွဲ | ဘွဲ့ရ | ၁ ပတ် | အခမဲ့ | မိမိ အစီအစဉ် | မိမိ အစီအစဉ် | ဌာနအသိအမှတ်ပြု Certificate ထုတ်ပေးပါသည်။ | လူမှုဝန်ထမ်းဦးစီး ဌာနမှဝန်ထမ်းများ နှင့် လူမှုဝန်ထမ်း ဦးစီးဌာနမှထောက် ပံ့ကြေးပေးလျက် ရှိသော(စေတနာ့ ဝန်ထမ်းအဖွဲ့အစည်း များ/ကိုယ့်အား ကိုယ်ကိုးမှုကြို ဖွင့်လှစ်ထားသော ပရဟိတကျောင်း) စသည်တို့မှ ဝန်ထမ်း များအား သင်ကြား ပေးပါသည်။ |
| | | | ၂။ ဝန်ထမ်းများအင်္ဂလိပ်စာ ကျွမ်းကျင်မှုအခြေခံ သင်တန်း | ဘွဲ့ရ | ၈ ပတ် | | | | | |
| | | | ၃။ ရှေးဦးကလေး သူငယ်ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း | တက္ကသိုလ် ဝင်တန်း | ၄ ပတ် | | | | | |
| | | | ၄။ ရုံးလုပ်ငန်းအခြေခံ သင်တန်း | ဘွဲ့ရ | ၄ပတ် | | | | | |
| | | | ၅။ ဝန်ထမ်းများကွန်ပျူတာ အခြေခံသင်တန်း | ဘွဲ့ရ | ၈ ပတ် | | | | | |
| | | | ၆။ ရှေးဦးကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုး တက်ရေးအကူ ဆရာမ သင်တန်း | ဘွဲ့ရ | ၄ ပတ် | | | | | |
| | | | ၇။ ဌာနတွင်း ကလေးသူငယ် ကြီးကြပ်သူ သင်တန်း | ဘွဲ့ရ | ၂ ပတ် | | | | | |
| | | | ၈။ ဝန်ထမ်းများ အင်္ဂလိပ်စာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၃) | ဘွဲ့ရ | ၈ ပတ် | | | | | |
| | | | ၉။ ဝန်ထမ်းများ ကွန်ပျူတာ အခြေခံသင်တန်း | ဘွဲ့ရ | ၈ ပတ် | | | | | |
| | | | ၁၀။ ဝန်ထမ်းများ အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်း | ဘွဲ့ရ | ၈ ပတ် | | | | | |
| | | | ၁၁။ ရှေးဦးကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး ဆိုင်ရာအခြေခံသင်တန်း | ဘွဲ့ရ | ၄ ပတ် | | | | | ပြင်ပပုဂ္ဂိုလ်များ အတွက်ဖွင့်လှစ် ပို့ချခြင်းဖြစ်ပါသည်။ |

# စဉ့်ကိုင်မြို့နယ် ရွှေလုံ့ပိုလ်လျှပ်စစ်မြစ်ရေတင်ဒေသ အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ ဖော်ထုတ်

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးရဲမြင့်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာအုပ်စု ရွှေလုံ့ပိုလ်လျှပ်စစ်မြစ်ရေတင်ဒေသ အဆင့်မြင့် လယ်ယာမြေဧက ၁၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းခွင် **(ယာပုံ)** သို့ သွားရောက်၍ စက်ယန္တရားကြီးများဖြင့် အဆင့်မြင့် လယ်ယာမြေဖော်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ အတွင်းသီးနှံများစိုက်ပျိုးရာတွင် တောင်သူများနှင့် ပေါင်းစပ်ညှိနှိုင်းစိုက်ပျိုးသွားရေး၊ စိုက်ပျိုးရေရရှိရေး၊ အချိန်မီစိုက်ပျိုးနိုင်ရေးတို့ကို တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြား ဖြည့်ဆည်းကာ စီမံကိန်းအတွင်းရှိ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စဉ့်ကိုင်မြို့နယ်မီးသွေးဘုတ်ကျေးရွာအနီးရှိ အကျိုးပြု ဧက ၃၀၀၀ အား စိုက်ပျိုးရေပေးဝေနေသည့် ရွှေလုံ့ပိုလ်လျှပ်စစ်မြစ်ရေတင် **စာမျက်နှာ ၉ ကော်လံ ၇ သို့** ✿




ယနေ့ **မာတိကာ**

**လမ်းဥပဒေကို လေးစားလိုက်နာ**
ခေါင်းကြီး စာမျက်နှာ - ၂

**အင်ဒိုနီးရှားနိုင်ငံ၏ ရွေးကောက်ပွဲအကြောင်း တစေ့တစောင်း**
ဆောင်းပါး စာမျက်နှာ - ၆

**လူအများ စိတ်ဝင်စားခံရသော်လည်း အထီးကျန်မှု ခံစားနေရသူ Megan Fox**
အနုပညာ စာမျက်နှာ - ၁၂

**ပထမတန်းအမှတ်ပေး ချန်ပီယံဆု ဟံသာဝတီဆွတ်ခူး**
အားကစား စာမျက်နှာ - ၁၃


# မကွေးအိမ်ခြံမြေဈေးကွက် ကျဆင်းမသွားဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်

**မကွေး ဇူလိုင် ၂၆**

၂၀၁၃ ခုနှစ် မတ်လနှင့် ဧပြီလများအတွင်း ဒေသစံချိန်တင်ဈေးများဖြင့် အရောင်းသွက်ခဲ့သော မကွေးအိမ်ခြံမြေဈေးကွက်သည် နှစ်ကုန်ပိုင်းတွင် အရောင်းထိုင်းသည့် အနေအထားဘက်သို့ ဦးတည်ခဲ့သော်လည်း ၂၀၁၄ ခုနှစ် မေလ လယ်ခန့်မှစ၍ ဈေးကွက်တည်ငြိမ်မှုများရှိပြီး ဝါတွင်းအခါ မိုးတွင်းကာလ ဇူလိုင်လအတွင်း ပုံမှန်အရောင်းအဝယ်များဖြစ်လျက်ရှိကြောင်း သိရသည်။

"ဖွံ့ဖြိုးလာတဲ့ မြို့ပြအနေအထားကြောင့် အိမ်ခြံမြေ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❏



ဖွံ့ဖြိုးတိုးတက်လာသည့် မကွေးမြို့လယ်တစ်နေရာ။

# ညောင်တုန်းမြို့၌ မြစ်ကမ်းရေကာတာ နိမ့်ကျကွဲအက်သွားသဖြင့် အချိန်မီထိန်းသိမ်းကာကွယ်လျက်ရှိ

**ညောင်တုန်း ဇူလိုင် ၂၆**

ညောင်တုန်းမြို့နယ်တွင် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ရေ အနည်းငယ် စတင်ရေတက်စပြုလာပြီဖြစ်ရာ တစ်မြို့နယ်လုံးရှိ ရေကာတာများကြံ့ခိုင်ရေးနှင့် ရေကာတာများ မကျိုးပေါက်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့က ဂရုတစိုက် ကြည့်ရှုစောင့်ကြပ်လျက်ရှိသည်။

ညောင်တုန်းမြို့ရှိ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးထားသော မြို့ပတ်ရေကာတာ မကျိုးပေါက်စေရေးအတွက်လည်း နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ထိန်းသိမ်းကာကွယ်ခဲ့ကြောင်း သိရသည်။

မြစ်ရေတက်စဖြစ်ပြီး ရေစီးကြမ်းလာသဖြင့် ညောင်တုန်းမြို့ (၂၈)လမ်း ကမ်းနားဘက်ရှိ ရေကာတာအပြင်ဘက်တွင် ဇူလိုင် ၂၅ ရက်က ကွဲအက်ကာ နိမ့်ကျသွားသဖြင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက ချက်ချင်းပင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရေကာတာတစ်လျှောက် နေ့၊ ညစောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး လိုအပ်သော ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**နေလင်း(ညောင်တုန်း)**






## ပုလဲသွယ် အထူးအထွက်ထိုး ခပ်မျိုးစပါး

တစ်ကီလိုလျှင် (၃၀၀၀) ကျပ်နှုန်းဖြင့် လွတ်လပ်စွာ လိုသလောက်ဝယ်ယူ နိုင်ပါသည်

ဝယ်ယူရရှိနိုင်သောနေရာများ -

[illegible]


**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက်ကိုစိုး**


MIC

edexcel

Myanmar Imperial College



- Diploma in Business
- Diploma in Advertising & Branding
- Diploma in Hospitality & Tourism
- Bachelor of Business

MBA

Enroll Now! 09 73210001/01537562


## နေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဦးသီဟ-ဒေါ်အေးအေးလှိုင်တို့၏သား

**မောင်သီဟကျော်(B.A, LL.B)**

**Video Editor (Green Age Film Production)**

နှင့်

ဦးကျော်စိုး-ဒေါ်ယုယုဆွေတို့၏သမီး

**မနွေးနွေးကျော်စိုး@Sharon (B.Sc, Chemistry)**

**Administrative Officer (Ericsson Myanmar)**

တို့သည် ၂၆-၇-၂၀၁၄ ရက်(စနေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**သီဟကျော်-နွေးနွေးကျော်စိုး**

## နေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

[illegible]

ဒေါက်တာ [illegible]

(M.B.,B.S, Ygn)

(Queensland, Australia)

[illegible]

ဒေါက်တာ [illegible]

(M.B.,B.S, Ygn)

(Queensland, Australia)

[illegible]


## အစိုးရတရားဝင် ကိုရီးယားအလုပ်ဝင် Professional ကျွမ်းကျင်သင်တန်းကျောင်း

## Better Tomorrow

**EPS-TOPIK(ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ)**

**ပညာအရည်အချင်းမလိုဘဲ သင်လည်းကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့။**

- လစာ(၁၀)သိန်းအထက် ရရှိနိုင်သော အာမခံချက်
- ကိုရီးယားလူမျိုး ဆရာကိုယ်တိုင်ရဲ့သင်ကြားပို့ချချက်များ
- ကိုရီးယားဘာသာစကား၊ ကိုရီးယားယဉ်ကျေးမှုနှင့် ကိုရီးယားလုပ်ငန်းခွင် စသည့်အားလုံးသော အတွေ့အကြုံများကို ပေါင်းစပ်သင်ကြားပေးနေပါသည်။
- ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲအောင်မြင်သည်အထိ တာဝန်ယူသင်ကြားပေးနေပါသည်။
- တန်းခွဲသစ်များ ၇-၈-၂၀၁၄ ရက်နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။

**တွေဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်လိုက်ပါ။**

**လိပ်စာ - အမှတ်(B-30)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။**

**ဖုန်း - 01-512804, 09-43029256, 09-30093592**

**- ချမ်းသာပလာဇာ(ဒုတိယထပ်)၊ အထက်ပုဇွန်တောင်လမ်း။**

**- 01-397502, 01-299133,09-5150582**


## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၉၊ မြေကွက်အမှတ်-၉၄၁၊ ဧရိယာ(၀. ၀၅၅)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၉)ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ အမှတ်(၉၄၁)ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဦးမြလွင်[၁၂/သကတ(နိုင်)၀၃၅၅၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးမိုးကျော်ဦး(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)**

**အခန်း-၅၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၁၄၉၆၃၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၁၀၄)၊ ဦးပိုင်အမှတ်(၄၁-ခ)၊ (ခဲစင်း)အရှေ့ဘက်ခြမ်း၊ ၃၄×၃၅ ကြား၊ ၈၈×၈၉ လမ်းကြားရှိ မောင်ဘဆိပ်၊ မဖွားရင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးဘဆိတ်၊ မိခင်ဒေါ်ဖွားရင်တို့ကွယ်လွန်၍ (သား)ဦးလှကျော်မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ကြွေနှင့်အိမ်ထောင်ကျ၍(သမီး) ဒေါ်အုန်းကိုမွေးဖွားခဲ့ပါသည်။ မိခင်၊ ဖခင်တို့ကွယ်လွန်ပြီး ဒေါ်အုန်းမှာခင်ပွန်းဦးငွေမောင်းနှင့်အိမ်ထောင်ကျ၍ ဦးအောင်နိုင်ဦးပါ(၈)ဦးကို မွေးဖွားခဲ့ပါသည်။ မိခင်ဒေါ်အုန်း၊ ဖခင်ဦးငွေမောင်းတို့ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၄၇၈၂/၂၀၀၇)ဖြင့် အမွေဆက်ခံခဲ့သော သား/သမီးများဖြစ်သည့် ဦးအောင်နိုင်ဦးပါ(၈)ဦးထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၃၅၄၇/၂၀၀၈)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဦးဝင်းကို[၉/မနတ(နိုင်)၀၂၀၆၅၇]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ သက်တမ်းတိုး/ဦးပိုင်ခွဲ၊ အမည်ပြောင်း/ဂရန်ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)တွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (၁) | Submersible Motor & Pump with Cable | 1Lot |
| (၂) | Insulated Covered Winding Wire | ၆ မျိုး |
| (၃) | Butterfly Vavle(42'Ø,28'Ø) | 1Lot |
| (၄) | Mobile တွင်းတူးစက် | ၁ စုံ |
| (၅) | Air Compressor(375cfm) | ၁လုံး |
| (၆) | Centrifugal Motor & Pump | 1Lot |
| (၇) | ကျောက်မီးသွေးမှုန့် | (၈၁၀)တန် |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၆-၈-၂၀၁၄ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**



## ခြံရောင်းမည်/ငှားမည်

မှော်ဘီမြို့နယ်၊ ရန်ကုန်-ပြည်လမ်းမကြီးပေါ် (၃. ၂)ကေမြေအမျိုးအစား 3-B ကျပြီး စက်ရုံ၊ အလုပ်ရုံဆောက်ရန် အထူးသင့်တော်သည်။ အကျိုးတူပူးပေါင်းဆောင်ရွက်လိုသူများလည်း ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၁၀၃၃၀၉၇၄၊ ၀၉-၂၅၄၁၃၆၂၁၄၊ ၀၁-၃၇၆၉၃၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးအထူးအဖွဲ့(၈)မှတာဝန်ယူဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ်၊ တံတားများတွင်အသုံးပြုမည့်တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၂၈-၇-၂၀၁၄မှ ၁၂-၈-၂၀၁၄ထိ နေ့စဉ် ၉း၃၀နာရီမှ ၄း၀၀နာရီအတွင်း

တင်ဒါဖွင့်မည့်နေရာ - စီမံကိန်းရုံး၊ စွန်ရဲတံတား၊ မင်းပြားမြို့နယ်။

တင်ဒါဖွင့်မည့်ရက် - ၁၃-၈-၂၀၁၄ရက်၊ ၁၂း၀၀နာရီ

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို (က)ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ စွန်ရဲတံတားစီမံကိန်း၊ စွန်ရဲကျေးရွာ၊ မင်းပြားမြို့နယ် ၂၈-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တံတားအထူးဆောက်လုပ်ရေးအထူးအဖွဲ့(၈)တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖုန်း-၀၉-၄၅၀၀၁၁၇၈၅၊ ၀၉-၄၂၁၇၂၅၄၀၆၊ ၀၉-၄၉၇၀၆၁၉၆၊ ၀၉-၄၀၂၆၉၅၃၇၅၊ ၀၉-၄၂၈၁၉၄၀၇၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးသိပ္ပံပညာဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်း
၂။ လျှပ်စစ်သုံးပစ္စည်း
၃။ ရုံးသုံးစက်ကိရိယာများ
၄။ ရုံးသုံးပရိဘောဂများ
၅။ ဓာတ်ခွဲခန်းသုံးပစ္စည်းများ
၆။ သွားဘက်ဆိုင်ရာဆေးပညာဂျာနယ်များ(အင်္ဂလိပ်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၇-၂၀၁၄ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၈-၂၀၁၄ရက် ၁၄း၀၀နာရီ နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဘတ်ဂျက်ဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်မြို့။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို တယ်လီဖုန်းအမှတ်-၀၁-၅၇၁၂၇၃၊ ၀၁-၅၆၄၆၃၀သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်**

## သိပ္ပံကျော်ဦးကျော်မြင့်

IGCSE (Maths, Pure Maths) နှင့်ဘာသာစုံ၊ နိုင်ငံတကာတက္ကသိုလ်များဝင်ခွင့် GCE(A),SAT ၁၈၆(မြေညီ)၊ ၃၈လမ်း(အလယ်)

**ဖုန်း-၀၉-၅၀၀၇၈၉၆၊ ၀၉-၂၅၄၃၇၄၄၅၉၊ ၃၈၆၆၃၉**

## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## NATIONAL MANAGEMENT COLLEGE
## ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် အောက်ပါဒီပလိုမာသင်တန်းအမှတ်စဉ်(၂၉)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ သင်တန်းအမည် (က)Diploma in Information and Communication Technology အမှတ်စဉ်(၂၉)
(ခ) Diploma in Software Engineering အမှတ်စဉ်(၂၉)
(ဂ) Diploma in Hardware Engineering အမှတ်စဉ်(၂၉)
(ဃ)Diploma Network Engineering အမှတ်စဉ်(၂၉)

၂။ အနိမ့်ဆုံးပညာအရည်အချင်း - တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆို/ အောင်မြင်ပြီးသူများဖြစ်ရမည်။

၃။ သင်တန်းကာလ - (၁)နှစ်

၄။ စတင်ဖွင့်လှစ်မည့်နေ့ရက် - ၁၆-၈-၂၀၁၄ရက်

**(သင်တန်းစတင်လက်ခံနေပြီ)**

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၀၁-၂၉၁၉၁၃၊ ၀၁-၇၀၃၂၃၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

**အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်**



## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၂)၊ တောင်ဒဂုံ Grade(10)(A)မှ မခင်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းအောင်[၁၄/ပစလ(နိုင်)၀၄၅၇၇၀]**

## အမည်ပြောင်း

ဦးသန်းဦး၏ သား Grade-5(I)TTC ရန်ကုန်မြို့မှ မောင်ဆက်ကောင်းပိုင် အားမောင်ဆက်ယုပိုင်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဆက်ယုပိုင်**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- FUSO FIGHTER 8200CC, 7540CC
  2003,2004 model 6 ပေါက် 21'
  2002 model 8 ပေါက်တန်းကြီး 21'
- CANTER 10',12',14' ပုံပြောင်း၊ ပုံဟောင်း

**Ph 09-5118910, 09-49270277**

**(ကြော်ငြာကမ်းလှမ်းခြင်းသည်းခံပါရန်)**



